
www.burmeseclassic.com



# ညွန့်

# ယောက်ျားမရှိတဲ့ကမ္ဘာ

(ဝတ္ထုတိုများ)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုး
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

# လူငန်

## ယောက်ျားမရှိတဲ့ကမ္ဘာ

နှင့်

( ဝ တ္ထု တို များ )

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၃၇၁၁၁၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၃၁၀၁၁၁၁

မျက်နှာဖုံးဒီဇိုင်း ● ရဲလေး
တွန်ပျူတာစာစီ ● မြစ်ခွဲဥစင်းကွန်ပျူတာ
ထုတ်ဝေသည့်လ ● ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ
ထုတ်ဝေခြင်း ● ပထမအကြိမ်
အုပ်ရေ ● ၅၀၀
ထုတ်ဝေသူ ● ဦးသစ်လွင် (ကံ့ကော်မြိုင်စာ
အတွင်းပုံနှိပ်သူ ● Color King
မျက်နှာဖုံးပုံနှိပ် ● Color King
တန်ဖိုး ● ၁၈၀၀ ကျပ်
ဖြန့်ချိရေး ● ရသစာအုပ်တိုက်
ဖုန်း ၀၉ ၅၄၀၉၃၂၂
၀၉ ၄၉၂၂၀၉၅၉

''ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း'' (CIP)

၈၉၅·၈၃
လူနေ
ယောက်ျားမရှိတဲ့ကမ္ဘာ(ဝတ္ထုတိုများ) / လူနေ။
- ရန်ကုန် ၊ ကံ့ကော်မြိုင်စာပေ၊ ၂၀၁၁။
(၁၇၆) စာ၊ ၁၂ × ၁၈·၅ စင်တီ။

## မာတိကာ

| | | |
|---|---|---|
| | အမှာစာ | ၇ |
| ၁။ | လူပျိုကြီး software များ | ၉ |
| ၂။ | အဘိုးကြီးအဘွားကြီးပုံပြင် | ၂၃ |
| ၃။ | တစ်ခါတုန်းက အိပ်မက် | ၃၉ |
| ၄။ | ယောက်ျားမရှိတဲ့ကမ္ဘာ | ၅၉ |
| ၅။ | စပ်စုတဲ့ကောင်လေး | ၇၅ |
| ၆။ | ပြောင်းပြန် | ၈၉ |
| ၇။ | လူမိုက်ကြီး | ၁၀၅ |
| ၈။ | ဟာသပွဲတော် | ၁၁၇ |
| ၉။ | အိုင်ဒီယာ | ၁၄၇ |
| ၁၀။ | ဖုန်းတစ်လုံး၏ခံစားချက် | ၁၆၅ |

www.burmeseclassic.com

www.burmeseclassic.com

## အမှာစာအတို

(၁) ဝတ္ထုတိုပေါင်းချုပ်စာအုပ်ဖြစ်ပါသည်။
(၂) ထို့ကြောင့်...
(၃) အသစ်တစ်ခုအနေဖြင့် ခံစားနိုင်လိမ့်မည်ဟု ယုံကြည်လျက်

လေးစားစွာဖြင့်
လူနေ

www.burmeseclassic.com

www.burmeseclassic.com

လှူဒါန်းကြ software များ -

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

နိုင်ငံတစ်ခုတွင် အရောင်းဆိုင်တစ်ဆိုင်ရှိ၏။ ထိုအရောင်းဆိုင်သည် "လူပျိုကြီးများအတွက်" သီးသန့်ဖွင့်ထားသော အရောင်းဆိုင်ဖြစ်လေသည်။

ထိုဆိုင်တွင် လူပျိုကြီးများနှင့် သက်ဆိုင်ရာပစ္စည်းများ၊ software များ ရောင်းချ၏။

အောက်ဖော်ပြပါ software များမှာ "လူပျိုကြီးများဆိုင်" တွင်သာ ရရှိနိုင်သည့် software များ ဖြစ်ပါသည်။

## မနက်နှိုးပေးသည့် software

ညက အသောက်များသည့် လူပျိုကြီးများအတွက် ဖြစ်သည်။ မိမိအိပ်သော ခုတင်ခေါင်းရင်းတွင် ၎င်း software ပါသည့် စက်ကို တပ်ဆင်ထားရသည်။

မနက်နေမွန်းလို့ အိပ်ရာထချိန်ရောက်တာနဲ့ အဲဒီစက်ထဲက အသံများကို စတင်ကြားရပါလိမ့်မည်။

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အသံမှာ မိန်းမတစ်ယောက်က သူ့ယောက်ျား အိပ်ရာက မထဘဲ အပျင်းကြီးနေသည့်အတွက် ဆူဆူညံညံလုပ်၍ အိပ်ရာက နှိုးနေသည့် အသံများဖြစ်သည်။

၎င်းအသံများအား အခြားနာရီနှိုးစက်များကဲ့သို့ ခလုတ် ပိတ်၍ မရပါ။

အသံတိတ်စေလိုပါက မိမိကိုယ်တိုင် အိပ်ရာက ထမှသာလျှင် အသံတိတ်သွားတတ်သည့်စက် ဖြစ်ပါသည်။

ထိုဆိုင်က ထိုစက်နှင့် software ကို "ဆူဆူညံညံ အိပ်ရာထသံ software" ဟု အမည်ပေးထား၏။

BURMESE CLASSIC .com

**ဘာစားမလဲကို software**

မျက်နှာသစ်၊ သွားတိုက် စသည့် ကိုယ်လက်သန့်ရှင်းရေးလုပ်ပြီး မနက်စာစားဖို့အတွက် စားပွဲမှာ ဝင်ထိုင်။

သတင်းစာသမားလေး ပစ်ထည့်ထားတဲ့ သတင်းစာကို ကောက်ကိုင်ပြီး စတိုင်ကျကျနဲ့ ဖတ်။

ပြီးရင် ထမင်းစား စားပွဲမှာ တပ်ဆင်ထားတဲ့ စက်က ခလုတ်တစ်ခုကို နှိပ်လိုက်မယ်ဆိုရင် . . .

"ညက ကိုယ်သောက်တာ များသွားတယ်မဟုတ်လား၊ ဒီတော့ သံပရာရည်လေးနဲ့ ကြက်ဥကြော်လေး အရင်စားလိုက်၊ ပြီးရင် များသွားလို့ ဖြေလိုက်ဦးမယ်ဆိုပြီး မသောက်နဲ့ဦးနော်၊





ကြက်ဥကြော်လေးနဲ့ သံပရာရည် လေးသောက်ပြီးရင် ငှက်ပျောသီးလေးတစ်လုံးလောက် စားလိုက်နော် ကိုကို"

ဆိုပြီး အသံချိုချိုလေး ထွက်လာလိမ့်မည်။

ထိုအခါ သင်က အဲဒီစက်သေးသေးလေးနဲ့ တွဲဆက်ထားတဲ့ စက်အရှည်ကြီးတစ်ခုနားကိုသွားပြီး "သံပရာရည်" ဆိုတဲ့ ခလုတ်ရယ်၊ ကြက်ဥကြော်ဆိုတဲ့ ခလုတ်ရယ် နှိပ်ရမည်။

ပြီးရင် "ငှက်ပျောသီး" ဆိုတဲ့ ခလုတ်ဘေးက နံပါတ်ကိုကြည့်ပြီး ငှက်ပျောသီး ရှိ၊ မရှိကြည့်ကာ ရှိပါက နှိပ်ရန်နှင့် မရှိပါက ဝယ်ဖို့သတိ ပေးရန်ဆိုတဲ့နေရာမှာ ငှက်ပျောသီးခလုတ်ကို နှိပ်ရပါမည်။

ခဏနေရင် အလိုရှိတဲ့ "သံပရာရည်ရယ်၊ ကြက်ဥကြော်ရယ်" ရပါလိမ့်မည်။

ထိုစက်တွင် သင်ကြိုက်နှစ်သက်တတ်သည့် မနက်စာ အမျိုးအစား ပေါင်း ၂၀ ခန့်အား ဆိုင်မှဝယ်ယူကတည်းက သင်ကြိုက်နှစ်သက်တတ်သည့် အစားအစာလုပ်တဲ့ softweare များကို ဆိုင်ကထည့်ပေးလိုက်ပါလိမ့်မည်။

သင်က တစ်ခုတည်းသာ လုပ်ပေးရမည်။

ထိုစက်တွင် ကုန်ကြမ်းများမရှိပါက စက်ထဲသို့ ထည့်ပေးသည့်အလုပ်သာ ဖြစ်သည်။

ဥပမာ ကြက်ဥကြော်တွင် ကြက်ဥမရှိပါက ဝယ်ထည့်ပေး



www.burmeseclassic.com

www.burmeseclassic.com



ရန် ဖြစ်ပါသည်။ ဈေးနှုန်းချိုသာသည်ဟု ကြော်ငြာထားပြီး လူပျိုကြီးများအတွက် လွန်စွာအသုံးဝင်သည်ဟု ထိုဆိုင်က ဆိုထားသေးသည်။

### ထွက်ခါနီး software

ဒါကတော့ တံခါးမှာတပ်ဆင်ထားရသည့် software ဖြစ်သည်၊ အဝတ်လဲ ပစ္စည်းများပြည့်စုံအောင်ထည့်ပြီး အလုပ်သွားဖို့ အဆင်သင့် ဖြစ်နေပြီဆိုရင် ထိုစက်ရှေ့မှာ ရပ်ရပါမည်။

"အပေါ်ကြယ်သီးပြုတ်ခနေတယ်၊ တပ်လိုက်ပါဦး"

အိတ်ကိုချပြီး အပေါ်ကြယ်သီးကို သေချာပြန်တပ်။

"ဖုန်းပါပြီလား"

"ပိုက်ဆံအိတ်ရော"

"ကားလိုင်စင် သေချာပါလား၊ စစ်ကြည့်ဦး"

"ရုံးမှာ နှစ်ချုပ်အစည်းအဝေးရှိတယ်ဆို"

"နှစ်ချုပ်စာရင်းတွေ ပါပြီလား"

မေးနေသည်။

ဒါနဲ့ အခန်းထဲပြန်ဝင်ပြီး နှစ်ချုပ်စာရင်းတွေ ပြန်ယူရသည်။

ပြီးနောက် စက်ရှေ့မှာ ထပ်ရပ်ရသည်။

"စောစောပြန်လာခဲ့"





ဒီစကားကြားပြီးတာနဲ့ အိမ်ကထွက်လို့ရပြီ ဖြစ်သည်။ သို့သော် စက်ကနေပြီး . . .

"ဘယ်အချိန် ပြန်လာမှာလဲ"

လို့မေးရင် သင်က ပြန်ရောက်နိုင်မယ့် အချိန်တစ်ခုကို ရိုက်ထည့် ရပါမည်။

အကယ်၍များ သင်က ထိုအချိန်ထက်နောက်ကျပြီး ရောက်လာပါက ထိုစက်သည် တစ်ညလုံး ဆူဆူညံညံလုပ်နေမည် ဖြစ်သည်။

ဒီစက်နှင့် software ကတော့ 50% Discount ရှိသည်ဟု ဆိုင်က ကြော်ငြာထားသည်။

### အနားမကပ်နဲ့ software

ဒီ software ကတော့ ဖုန်းထဲမှာ ထည့်ထားရခြင်းဖြစ်သည်။ အလုပ်ရောက်လို့ အလုပ်တွေများပြီး နေ့လယ်စာစားချိန်တွေ ဘာတွေ ကျော်နေမယ်ဆိုရင် ဒီ software က အသံမြည်လာမည်။

ထို့ပြင် ရာသီဥတုနဲ့ လိုက်ဖက်တဲ့ အစားအသောက်တွေကိုလည်း အကြံပေးသည့် Message ဝင်လာပေးဦးမည် ဖြစ်သည်။

ဒါက ကျန်းမာရေးအတွက် ကောင်းသည်။ (အသုံးဝင်တာပေါ့)



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခုက ကိုယ့်ရဲ့အနားမှာ ကောင်မလေး တစ်ယောက်က သာမန်ထက် ပူးပူးကပ်ကပ်ရှိနေမယ်ဆိုရင် အဲဒီ software ထည့်ထားတဲ့ ဖုန်းက အသံထမြည်မည် ဖြစ်သည်။

အသံကတော့ ဆူညံတဲ့ မိန်းမသံဖြစ်စေ၊ အခြားဆူညံသံဖြစ်စေ ပါဝင်ပါမည်။ အကယ်၍ သင်က ကောင်မလေးတစ်ယောက်နားကို ရှိုးရှိုးသားသားကပ်ချင်လို့ဖြစ်စေ၊ အဟဲ... မရိုးမသားပဲဖြစ်စေ စသည့် ဘာကိစ္စပဲဖြစ်ဖြစ် ကပ်ချင်နေမယ်ဆိုရင် အဲဒီ software ထည့်ထားတဲ့ ဖုန်းကို သင်တို့နှစ်ယောက်နဲ့ ပေ ၂၀ အကွာမှာ သွားထားရပါလိမ့်မည်။

ဒါမှ ဆူညံပူညံလုပ်တဲ့ မိန်းမအသံ ထွက်လာမှာ မဟုတ်ပါဘူး။

(ဒီအတွက်တော့ သိပ်မကောင်းပါ။)

သို့သော် ၎င်းအမျိုးအစားနှစ်ခုအား software တစ်ခုတည်းတွင် ထည့်သွင်းရေးဆွဲထားသောကြောင့် နှေလယ်စာသတိပေး(အစားအသောက်ရွေး) တစ်ခုတည်းသာ ရွေးချယ်ထည့်သွင်း၍မရဟု ဆိုင်က သတိပေးထားသည်။

70% Discount ရှိသည်ဟု ကြော်ငြာထားသည်။





သန့်ရှင်းရေး၊ သန့်ရှင်းရေး

ဒီ software ကိုတော့ ဆိုင်က အိမ်တွင် သီးသန့်လာတပ်ဆင်ပေးမည်။ အိမ်၏ နံရံပေါင်းများစွာတွင် software ပါသည့် စက်အသေးစားများ လာရောက်တပ်ဆင်ရခြင်း ဖြစ်သည်။

ဖျင်းလိုက်တာ၊ အင်္ကျီကလည်း ချွေးစော်နံနေပြီ၊ ချွတ်မှပဲဆိုပြီး အင်္ကျီကိုချွတ်၊ ခုံတစ်ခုပေါ်ကို တင်ထားမယ်ဆိုရင်...

“အဝတ်လျှော်စက်ထဲ ထည့် အဝတ်လျှော်စက်ထဲ ထည့်”

ဆိုပြီး ဘယ်ကထွက်လာမှန်းမသိတဲ့ အသံကြီး ထွက်လာပါလိမ့်မည်။

ထမင်းစားပြီးလို့ နောက်မှ ပန်းကန်ဆေးမယ်ဆိုပြီး ခဏပစ်ထားမယ်ဆိုရင်...

“အနံ့ထွက်နေပြီ၊ တစ်အိမ်လုံးနံနေပြီ၊ နံနေပြီ၊ နံနေပြီ”

ဆိုပြီး ဖျစ်တောက်ဖျစ်တောက် အသံများ ပန်းကန်မဆေးမချင်း ကြားနေရပါလိမ့်မည်။

ပိတ်မရပါ။ လုပ်လိုက်မှ ရပ်သွားမည့်အသံဖြစ်သည်။

လွန်စွာအသုံးဝင်သည်ဟု ဆိုင်က ကြော်ငြာထားသည်။

တစ်ပြားမှမလျှော့ဟုလည်း ဈေးတင်းခံထားသည်။



www.burmeseclassic.com

www.burmeseclassic.com



## ပြုစုမယ့် software

"အင်း... ဟင်း... ဟင်း..."

ကိုယ်ပူချိန်တက်နေပြီ ဖြစ်သည်။

လက်ကလည်း မလှုပ်နိုင်၊ ထလည်း မထချင်ဖြစ်နေသည်။

ထိုအခါ သင့်အပူချိန်သည် သာမန်မဟုတ်တော့ဘူးဆိုတာကို သင့်အိပ်ခန်းတစ်နေရာရှိ စက်က (အပူချိန်အာရုံခံ)က သိရှိသွားပြီး ဖုန်းလိုင်းထဲသို့ အလိုအလျောက်ဝင်ကာ ဆရာဝန်ဆီသို့ ဖုန်းဆက်ပေးပါလိမ့်မည်။

ပြီးနောက် အစားအသောက်ကုမ္ပဏီသို့ ဖုန်းထပ်ဝင်သွားပြီး သင့် လျော်သော အစားအသောက်များကို မှာပေးပါလိမ့်မည်။

ထိုသို့မှာပြီး သင်ကိုယ်တိုင် မစားနိုင်၊ မသောက်နိုင်၊ အိပ်ရာကလည်း မထနိုင်ဖြစ်နေဦးမယ်ဆိုရင် သင့်ဆွေမျိုး (သို့) သူငယ်ချင်းတစ်ဦး၏ဖုန်းသို့လည်း ထပ်မံဖုန်းဆက်ဦးမည်ဖြစ်ပါသည်။

ထို့ပြင် အလုပ်ကိုလည်း ဖုန်းဆက်ပြီး ခွင့်တိုင်ပေးပါဦးမည်။

ဝယ်ယူသည့် လူပျိုကြီးသည် ဆွေမရှိ မျိုးမရှိ ဘုကန့်လန့်ကြီးလည်းဖြစ်တော့ လာကူမယ့်သူငယ်ချင်းလည်း မရှိဘူးဆိုရင် ဆိုင်ကရောင်းသည့် ပူးတွဲစက်ကြီးတစ်ခုကို ဝယ်ရပါမည်။

အိပ်ခန်းတစ်နေရာတွင် ထားရပါမည်။





အိပ်ရာထဲက မထနိုင်၊ လဲနေ၊ အားပြတ်နေပါက ထိုစက်ရှိ ပိုက်ကို လိုအပ်သည့်အချိန်တွင် ပါးစပ်တွင်တပ်ပြီး စုပ်လိုက်မည်ဆိုပါက လိုအပ်သော ဆန်ပြုတ်၊ ရေအပြင် အခြားလူမမာစာများကို အသင့်စားသုံးလို့ရမည်ဖြစ်သည်။

ဆရာဝန်လာလို့ အိမ်ရှေ့က တံခါးခေါက်သံကြားပါကလည်း ထိုစက်ကြီးနှင့် ချိတ်ဆက်ထားသော တံခါးဝရှိ စက်ငယ်က "ဆရာဝန် ဟုတ်၊ မဟုတ် စစ်ဆေးပြီး (စက်ထဲ မိသားစုဆရာဝန်ဓာတ်ပုံ Scan ဖတ်ပြီး ထည့်ထားရ) ဟုတ်ပါက တံခါးကို အလိုအလျောက် ဖွင့်ပေးပါလိမ့်မည်။

အသုံးဝင်သည်။ ဈေးကြီးသည်ဟုလည်း ဆိုင်က ပြောကြားထားသည်။

## ညနေ ရုံးဆင်းချိန်

သင့်ဖုန်းထဲကို Message တွေ ဝင်လာပါလိမ့်မည်။ အိမ်မှာရှိသော စက်တွေမှတစ်ဆင့် သင့်ဖုန်းကို အလိုအလျောက် Message ပို့ခြင်းဖြစ်သည်။

ဥပမာ မနက်က "ဘာစားမလဲကို Software စက်"ကို ငှက်ပျောသီးမရှိလို့ "ငှက်ပျောသီးဝယ်ဖို့ သတိပေးရန်"ဆိုတဲ့နေရာကို ခလုတ်နှိပ်ခဲ့မယ်ဆိုရင် ညနေရုံးဆင်းချိန်မှာ သင့်ဖုန်းကို "ဝယ်ခဲ့ဖို့" Message လှမ်းပို့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားစက်တွေကလည်း သင် မမေ့ရန်အတွက် Message လှမ်းပို့ကြဦးမည်။

''ထွက်ခါနီး software''ကလည်း သင်ရိုက်ခဲ့တဲ့အချိန် ပြန်ရောက်အောင် ထပ်မံသတိပေး Message ပို့ပေးဦးမည်။

ဒါကတော့ သင်လည်း အဆင်ပြေတာပေါ့။

**ညဘက်တိုးတိုးတိတ်တိတ်စက်နှင့် software**

ထိုစက်နှင့် software ကိုတော့ ဆိုင်က တရားဝင်ကြော်ငြာထားခြင်း မရှိပါ။

စက်ရှိလုပ်ငန်းစဉ်နှင့် အသုံးဝင်ပုံကိုလည်း အများပြည်သူသိအောင် ချပြထားခြင်း မရှိပါ။

သိရသည့်အချက်များမှာ

(၁) ဈေးနှုန်း လွန်စွာကြီးသည်။

(၂) ဆိုင်၏ ရောင်းအကောင်းဆုံးစက်နှင့် software ဖြစ်သည်။

(၃) လူပျိုကြီးများ လွန်စွာကြိုက်သည့်စက်နှင့် software ဖြစ်သည်။

(၄) အိပ်ခန်းထဲတွင် တပ်ဆင်ရသည့် စက်တစ်မျိုးဖြစ်သည်။

စသည့် အချက်များသာ သိထားပါသည်။

ထိုစက်နှင့် software မှာ မည်သည့်စက်နှင့် software အမျိုးအစား ဖြစ်သည်ဆိုတာကိုတော့ စုံစမ်းဆဲဖြစ်ပါသည်။





ကြားသိရချက်များ

''သင်သည် ကျွန်ုပ်တို့ဆိုင်မှ စက်နှင့် software များကို ဝယ်မည်လား၊ ဒါမှမဟုတ် မိန်းမတစ်ယောက်ကို ယူလိုက်မည်လား''

ဟု ဆိုပြီး ထိုဆိုင်က မေးမြန်းကာ ကြော်ငြာထားသည်။

လာဝယ်သော လူပျိုကြီးများကလည်း–

''software က မကြိုက်ရင် ပြန်ဖျက်လို့ရတယ်၊ မိန်းမက. . . ဟင်း. . .''

ဆိုပြီး တော်တော်များများက စက်နှင့် software ကိုပဲ ဝယ်ယူသွားကြတယ် ဆိုပြီး ဆိုင်က အရောင်းစာရေးလေးတွေက ပြန်ပြောပြကြသည်။

ထိုဆိုင်ကို ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများက ကန့်ကွက်ထားသည်ဟုလည်း နောက်ဆုံးသတင်း ရရှိပါသည်။

❐



www.burmeseclassic.com

www.burmeseclassic.com

အဘိုးကြီး အဘွားကြီးပုံပြင်

www.burmeseclassic.com

www.burmeseclassic.com

ဟိုးရှေးရှေးတုန်းက အလွန်ဆင်းရဲသော အဘိုးကြီးနဲ့ အဘွားကြီး လင်မယားရှိတယ်။ သူတို့ဟာ သိပ်ဆင်းရဲတော့ ရေခဲသေတ္တာတစ်လုံးတောင် မဝယ်နိုင်ရှာဘူး။

ဒီတော့ သူတို့ဟာ လူ့လောကမှာ လူလုပ်ဖို့ အများကြီး ရှိနေသေးတော့ တစ်နေ့တစ်နေ့ ချမ်းသာဖို့ကိုပဲ တွေးနေကြရော။

ပုံပြင်ထဲကလို နတ်သားတွေများ လာကယ်မလား၊ ရွှေအိုးကြီးပဲ သူတို့အိမ်ရှေ့မှာ ပေါ်နေမလား။ ရွှေတွေဥတဲ့ ရွှေငန်းတွေ ရမလားဆိုပြီး အိပ်မက်မက်ရတာလည်း အကြိမ်ကြိမ်ပါပဲ။ အခုထိတော့ မဖြစ်လာခဲ့သေးပါဘူး။

တစ်နေ့ ထုံးစံအတိုင်း အဘိုးကြီးနဲ့ အဘွားကြီးဟာ တောထဲကို ထင်းခွေဖို့သွားကြလေရော။

ပင်ပင်ပန်းပန်း ထင်းခုတ်ပြီးလို့ အပြန်မှာ အဘိုးကြီးနဲ့ အဘွားကြီးဟာ သစ်ပင်ရိပ်အောက်လေးမှာ ထိုင်နားနေတုန်း သူတို့



www.burmeseclassic.com

www.burmeseclassic.com

ရှေ့ခပ်လှမ်းလှမ်းကနေ လူတစ်ယောက် လာနေတာကို တွေ့ရတယ်။

အဲဒီမှာ အဘိုးကြီးနဲ့ အဘွားကြီးက ပျော်သွားတာပေါ့။ ဒီလို တောနက်ကြီးထဲမှာ ဘယ်သူကမှ လာမှာမဟုတ်ဘူး။ လာတဲ့လူကလည်း ပုံပြင်ထဲကအတိုင်း နတ်က လူယောင်ဖန်ဆင်းပြီး သူတို့ကို လာကူညီတာပဲ ဖြစ်ရမယ်လို့ တထစ်ချမှတ်ယူလိုက်ကြတယ်။

အဲဒီလိုနဲ့ ထိုလူဟာ သူတို့ရှေ့နားရောက်လာရော။ သစ်ပင်အောက်မှာ ထိုင်နေတဲ့ အဘိုးကြီး အဘွားကြီးကို တွေ့သွားပြီး . . .

''အဘိုး ရေလေးနည်းနည်းလောက်များပါလားမသိဘူးခင်ဗျာ'' ဆိုပြီး ရေတောင်းသောက်တယ်။

အဘိုးကြီးနဲ့ အဘွားကြီးကလည်း ပုံပြင်ထဲကအတိုင်း ငါတို့ကိုတော့ ရေလာတောင်းသောက်နေပြီဆိုပြီး ဝမ်းသာအားရဖြစ်ကာ မရှိမဲ့ ရှိမဲ့ လက်ကျန်ရေကလေးကို ထုတ်တိုက်တယ်။ သူ့ရဲ့ ရှင်မဖြစ်တဲ့ အဘွားကြီးကိုလည်း တိတ်တိတ်ကလေး သတိပေးရသေးတယ်။

''ရှိတာ အကုန်တိုက်လိုက်နော်၊ ချန်မထားနဲ့၊ တော်ကြာ ပုံပြင်ထဲကအတိုင်း စိတ်သဘောထားမကောင်းဘူးဆိုပြီး ဘာမှမရဘဲနေနေဦးမယ်''





အဘွားကြီးကလည်း ခေါင်းညိတ်ပြတယ်။ သူသိပါတယ်ပေါ့။ ဒါနဲ့ သူတို့မှာရှိသမျှ ရေကိုလည်း လူငယ်ကို အကုန်တိုက်လိုက်တယ်။

လူငယ်ကလည်း ရေအတော်ဆာလာပုံပေါက်တယ်။ တဂွပ်ဂွပ်နဲ့ သောက်လိုက်တာ တစ်စက်မှမရှိတော့ဘူးတဲ့။

လူငယ်က ကျေးဇူးတင်ပြီး . . .

''ကျေးဇူးတင်လိုက်တာ အဘိုးတို့ရယ်'' ဟုဆိုပြီး ကျေးဇူးတင်စကားဆိုတယ်။

''ရပါတယ် သားရယ်၊ အဘိုးတို့က ဆင်းရဲပေမယ့် စိတ်ထား မဆင်းရဲသေးပါဘူး'' ဆိုပြီး ပုံပြင်ထဲက ဒိုင်ယာလော့များကို စတင်ပြောတယ်။ လူငယ်က သနားသွားပြီး . . .

''အဘိုးတို့မှာ သားသမီးများ မရှိကြဘူးလား''

''မရှိကြတော့ပါဘူး၊ အဘိုးတို့အရင် ဆုံးသွားပါပြီ''

လူယောင်ဆောင်ထားတဲ့ နတ်ကလေး သူတို့ကို သနားလာပြီဆိုပြီး သူတို့ရဲ့စိတ်ထဲမှာ အပျော်ကြီးပျော်နေကြတယ်။

''အခု ဘာများလုပ်စားကြလဲ''

''ထင်းလေးခုတ်ပြီးတော့ နီးစပ်ရာ ဈေးလေးမှာရောင်းပြီး အသက်မွေးဝမ်းကျောင်း ပြုရပါတယ်''

အဘွားကြီးကတော့ မျက်နှာလေး အောက်ချထားတယ်။ တစ်ခွန်းမှ ဝင်မပြောဘူး။ သူ့ရဲ့ ဟက်စဘန့်စကားလုံးတွေက


www.burmeseclassic.com

www.burmeseclassic.com

ပုံပြင်ထဲက နတ်သားကို ပြန်ပြောတဲ့တော်ကီတွေ ဖြစ်နေပြီဆိုတော့ သူလည်း ဝင်ပြောစရာမလိုဘူးလေ။ ဒါနဲ့ပဲ ဆင်းရဲလို့ သိမ်ငယ်စွာ နေရတယ်ဆိုတဲ့ အိုက်တင်ကိုပဲ ဖမ်းထားရတာပေါ့။

''အဘိုးတို့က ဘယ်မှာနေကြလဲ''

အိမ်ကိုတော့ မေးနေပြီ။ အိမ်ရောက်ရင် ရွှေတွေများ တွေ့ရမလား။ ငွေတွေပဲ ရောက်နေမလား။

''ဟိုး တောင်ကုန်းပေါ်က တဲအိမ်လေးမှာ နေပါတယ် လူကလေးရယ်''

အသံကို တုန်တုန်ချည့်ချည့်လေးလုပ်ပြီး ပြောရတယ်။ မာမာပြောရင် သိပ်ကျန်းမာတယ်လို့ ထင်ပြီး လုပ်နိုင်ကိုင်နိုင်သေးတယ်လို့ ထင်သွားမှာလည်း စိုးရတယ်။

''အဟွတ်၊ အဟွတ်''

အဘွားကြီးကလည်း ချောင်းအနည်းငယ်ဝင်ဆိုးပြတယ်။ သူလည်း မကျန်းမာဘူးပေါ့။

''ဟင် . . . အဘွားကရော နေမကောင်းဘူးလား'' ထင်သည့်အတိုင်း နတ်ဖန်ဆင်းသည့် လူငယ်လေးက မေးပါတော့တယ်။

''ဟုတ်တယ် လူလေးရယ်၊ အဘွားလည်း နေသိပ်မကောင်းဘူး''





လူငယ်လေးက စိတ်မကောင်းဖြစ်သွားပုံရတယ်။ သက်ပြင်းလည်း ချတယ်။

ပြီးနောက် . . .

''ကျွန်တော့်ကို ခွင့်ပြုပါဦး''ဆိုပြီး သွားရန် ဟန်ပြင်တယ်။

အဘိုးကြီးနဲ့ အဘွားကြီးကလည်း မျက်လွှာလေးအောက်ချထားပြီး . . .

''ကောင်းပါပြီလူကလေးရယ်၊ ဘေးကင်းပါစေ၊ အန္တရာယ်လည်း ကင်းပါစေကွယ်''လို့ ပြန်ပြီး ဆုတောင်းပေးတယ်။

လူငယ်လေးကလည်း စိတ်မကောင်းတဲ့ပုံစံနဲ့ . . .

''ကျေးဇူးပဲ အဘိုးတို့ရယ်''ဆိုပြီး အဘိုးကြီးနဲ့ အဘွားကြီးရှေ့မှ ထွက်သွားလေတော့တယ်။ အဘိုးကြီးနဲ့ အဘွားကြီးကလည်း လူငယ်လေး ထွက်သွားသည်အထိ မျက်လွှာချပြီး နေနေကြတယ်။

သူတို့အတွက် ဘာများထားခဲ့မလဲဆိုပြီးတော့ပေါ့။ ရင်တုန်စရာ ကောင်းလိုက်တာ။

ဒီလိုနဲ့ ခဏကြာတော့မှပဲ မျက်လုံးတွေကို တဖြည်းဖြည်းဖွင့် ကြည့်ကြတယ်။

''ဟင်''

သူတို့ရှေ့မှာ ရွှေအိုးကြီးလည်း ရှိမနေပါဘူး။ အခြားအဖိုးတန်ပစ္စည်းတွေလည်း တစ်ခုမှမရှိတာကို တွေ့ရတယ်။

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ရှာကြည့်ပါဦး ရှင်မရဲ့၊ သူ့တစ်နေရာမှာပဲ ထားသွားလားလို့"

အဘိုးကြီးနဲ့ အဘွားကြီးဟာ မြှော်လင့်ချက်ကြီးစွာနဲ့ လိုက်ရှာကြတယ်။ အဘိုးကြီးက တစ်ဖက်ရှာတယ်။ အဘွားကြီးကလည်း တစ်ဖက်ရှာတယ်။ နေကလည်း ပူပြင်းတော့ ရေဆာလာတယ်။

"ရေဆာလိုက်တာ ရှင်မရယ်"

အဘိုးကြီးက ညည်းညူတယ်။

"မရှိတော့ဘူး၊ ဟိုနတ်သားကို အကုန်တိုက်လိုက်ပြီ" ဘာတစ်ခုမှ မတွေ့တော့ ဒေါသသံ အနည်းငယ်စွက်တဲ့ပုံစံနဲ့ အဘွားကြီးက ပြန်ပြောတယ်။

အဘိုးကြီးက ထိတ်လန့်သွားပြီး . . .

"ရှူး... အဲဒီလိုမပြောနဲ့လေ၊ နတ်သားက တန်ခိုးရှိတယ်၊ တော်ကြာ ငါတို့ကို စမ်းသပ်နေတုန်းကာလဆိုရင် ကြားသွားလို့ ဘာမှမရဘဲ နေနေဦးမယ်"

"အင်း . . . ဟုတ်တယ်နော်"

အဘွားကြီးကလည်း သူ့စကား မှားသွားပြီဆိုပြီး ပြန်ပြင်ပြောတယ်။

"ကျွန်မတို့မှာ သောက်စရာမရှိပေမယ့်လည်း ရေငတ်နေတဲ့ လူငယ်လေးသောက်သွားတာ ကျွန်မတို့ ကုသိုလ်ရပါတယ်ရှင်"





"'အင်း . . . ဟုတ်ပါတယ် ရှင်မရယ်"

ထိုစဉ် အဘိုးကြီးမှာ မြေပြင်ပေါ်တွင် တစ်စုံတစ်ခုကို တွေ့သွားတယ်။

"ရှင်မ . . . ရှင်မရေ၊ ဒီမှာလာကြည့်စမ်း"

အဘိုးကြီးက ဝမ်းသာအားရနဲ့ အော်ပြောတယ်၊ အဘွားကြီးကလည်း ခပ်မြန်မြန်ပြေးသွားပြီး . . .

"ဘာ . . . ဘာလဲ၊ ရှင် ဘာတွေ့လို့လဲ"

"ဒီမှာကြည့်စမ်း"

အဘွားကြီးက အဘိုးကြီးပြရာနေရာကို ကြည့်လိုက်တယ်၊

"လက်ကိုင်ပဝါလေးတစ်ထည်ပါလား၊ အဲဒါ ဘာထူးဆန်းလို့လဲ"

"ဟင် . . . ရှင်မကလည်း ဒါ ဟိုနတ်သားလေးက ငါတို့အတွက် ထားခဲ့တာဖြစ်မှာ"

"ဟုတ်လို့လား၊ ဒါဆို ဒီလက်ကိုင်ပဝါက ဘာအဖိုးတန်မှာလဲ"

"ဘယ်သိဦးမလဲ၊ တစ်ခုခုတော့ ထူးဆန်းမှာပေါ့ ရှင်မရယ်၊ ငါတို့ . . . ငါတို့ ချမ်းသာတော့မှာပါ"

"ဟုတ်တယ်နော်၊ ရှင်ပြောတာ မှန်တယ်"

အဘိုးကြီး အဘွားကြီးမှာ အတွေးကိုယ်စီဖြင့် အိမ်သို့ပြန်သွားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်တော့လည်း ဘာမှမလုပ်နိုင် မကိုင်နိုင်ဘဲ လက်ကိုင်ပဝါလေးကိုပဲ တသသနဲ့ ကြည့်နေကြတယ်။

''လိုရာဆုပြည့်တဲ့ လက်ကိုင်ပဝါလေးလား မသိဘူး''

အဘွားကြီးက လက်ကိုင်ပဝါလေးကို တယုတယကိုင်ပြီး ပြောတယ်။

''အင်း... ရှင်မ ထင်တာလည်း မဆိုးဘူး''

''ဒါဆို ဆု...ဆုတောင်းရအောင်လား''

''ရှင်မ ကြိုက်တာ ဆုတောင်းလေ''

အဘွားကြီးက မျက်လုံးလေးမှိတ်လိုက်တယ်။ အဘိုးကြီး ကလည်း လိုက်မှိတ်တယ်။ ထိုစဉ် အဘိုးကြီးက မျက်လုံးကို ဆတ်ခနဲဖွင့်လိုက်ပြီး...

''ရှင်မ''

''ဟင်... ဘာလဲ''

အဘွားကြီးကလည်း မျက်လုံးမှိတ်တန်းလန်းကြီး ပြန်မေး ရတယ်။

''သစ္စာ... သစ္စာပါဆိုဦးလေ၊ အဲဒါမှ တန်ခိုးပြမှာ ထင်တယ်နော်''

''အင်း... ကျွန်မ မေ့နေတာ၊ ပုံပြင်တွေထဲမှာလည်း သစ္စာဆိုမှ ရတာနော်၊ ကျွန်မတို့ဟာ ဘာတွေ ဘာတွေကို ကောင်း တာလုပ်ပါတယ်လို့ ဆိုရမှာမဟုတ်လား''





''ဟုတ်တယ်''

အဘိုးကြီးနဲ့ အဘွားကြီးမှာ တော်တော်လေးကို တက်ကြွ နေကြတယ်။

ဒါကြောင့် လက်ကိုင်ပဝါလေးကို ဘေးချထားလိုက်ပြီး ဘာကို သစ္စာဆိုရမလဲဆိုတာကို စတင်စဉ်းစားကြပါတော့တယ်။

''ကျွန်မတို့ အိမ်ထောင်စကျတုန်းက လှူခဲ့တာကို သစ္စာ ဆိုရင် ကောင်းမလား''

အဘွားကြီးက စတင်ပြီး အဆိုတင်သွင်းတယ်။_အဘိုးကြီး က ခေါင်းခါလိုက်ပြီး...

''မဖြစ်ဘူး ရှင်မ''

''ဘာဖြစ်လို့လဲ''

''အဲဒီတုန်းက ငါတို့တွေ အလှူမှာကျွေးဖို့ဆိုပြီး ဈေးပေါ ပြီး သိပ်မကောင်းတဲ့ဝက်သားတွေကို သူများမသိအောင် ဝယ်ကျွေး ခဲ့တာလေ''

''အဲ... ဟုတ်သားပဲ''

အဘိုးကြီးနဲ့ အဘွားကြီးမှာ တွေးရကျပ်သွားတယ်၊ ထိုစဉ် အဘိုးကြီးက တစ်စုံတစ်ခုသတိရသွားပြီး...

''ငါတို့ညားပြီး တစ်နှစ်လောက်အကြာ ရွာထဲမှာ လမ်းခင်း ပေးတုန်းက ပါသေးတယ်လေ၊ အဲဒါကို သစ္စာဆိုရင်ရော''



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်သေးပါဘူးရှင်၊ အဲဒီတုန်းက ရှင် အိမ်မှာမြေဖို့ဖို့ဆိုပြီး လူမသိအောင် မြေနည်းနည်းယူလာတယ်လေ"

"အာ. . . နည်းနည်းလေးပါ"

"နည်းနည်းလေးလည်း နည်းနည်းအလျောက် သစ္စာဆိုရင် ဘယ်ထိရောက်တော့မလဲ"

အဘိုးကြီးလည်း တွေဝေပြီး ငြိမ်ကျသွားတယ်။

ဤသို့ဖြင့် အဘိုးကြီးနဲ့ အဘွားကြီးမှာ သစ္စာဆိုရန်အတွက် စဉ်းစားမရဘဲ ဖြစ်နေကြတယ်။ တစ်စုံတစ်ခု စဉ်းစားမိလိုက်၊ မကောင်းမှုလေးက ကပ်ပါလိုက်နဲ့ ဖြစ်နေတယ်။

အချိန်တော်တော်ကြာသွားတယ်။ သူတို့ သစ္စာဆိုရန် အကြောင်း အရာကို ရှာလို့မတွေ့ဘူး ဖြစ်နေကြတယ်။

"ရှင်မ"

"ဟင်"

"ငါတို့ဘဝမှာ သစ္စာဆိုဖို့ ကောင်းတဲ့အရာ တစ်ခုမှမရှိဘူး ထင်တယ်နော်"

အဘွားကြီးလည်း စိတ်မကောင်းစွာနဲ့ ခေါင်းညိတ်ပြတယ်။ ထိုစဉ် သူတို့အိမ်ရှေ့က သစ်ပင်ပေါ်မှာ ငှက်ကလေးနှစ်ကောင် လာနားတယ်။ အဘိုးကြီးနဲ့ အဘွားကြီးကလည်း စိတ်ညစ်ညစ်နဲ့ ငှက်ကလေးနှစ်ကောင်ကိုပဲ ငေးကြည့်နေမိတော့တယ်။





ရင်ထဲမှာလည်း ဘဝတစ်လျှောက် သစ္စာဆိုရန်အတွက် ကောင်းမှုမရှိလေခြင်းဆိုပြီး ဝမ်းနည်းမှုလည်း ဖြစ်နေတယ်။

ငှက်ကလေးနှစ်ကောင်က တစ်ကောင်နဲ့တစ်ကောင် ဆိတ်ပြီး ကစားနေကြတယ်။ အဘိုးကြီးလည်း ဝမ်းနည်းသည့်ထက် ဝမ်းနည်းလာ ပြီး. . .

"ငှက်ကလေးတို့ရယ်၊ ငါ့ဘဝမှာ သစ္စာဆိုနိုင်တဲ့အကြောင်း တရား မရှိပါဘူး၊ ဘယ်လောက်များ ကံဆိုးလိုက်သလဲ"ဆိုပြီး ညည်းညူနေတော့တယ်။

ထိုအချိန်မှာ လေပြင်းတစ်ချက်တိုက်သွားတယ်။ သူတို့ နှစ်ယောက် နားမှာချထားတဲ့ လက်ကိုင်ပဝါလေးက လေတိုက်လို့ လွင့်သွားပြီး အိမ်အောက်ကျသွားတယ်။

ဒါကို အဘိုးကြီးနဲ့ အဘွားကြီးက မမြင်လိုက်ပါဘူး။

လေအငြိမ်မှာတော့ လက်ကိုင်ပဝါလေးက တဖြည်းဖြည်းနဲ့ အိမ်ရဲ့အောက်ဘက် မြေကြီးပေါ် ပြုတ်ကျသွားတယ်။

ငှက်ကလေးနှစ်ကောင်ထဲက တစ်ကောင်က ပျံသွားပြီး ခဏကြာတော့ ပြန်ရောက်လာတယ်။

ထိုအချိန်ထိ အဘိုးကြီးနဲ့ အဘွားကြီးမှာ ငေးငေးငိုင်ငိုင်နဲ့ ကြည့်နေဆဲပါပဲ။ ပြန်ရောက်လာတဲ့ ငှက်ကလေးက နေခဲ့တဲ့ ငှက်ကလေးရှေ့ကို အစာလေးချပေးတယ်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးရဲ့နှုတ်မှ အာမေဋိတ်သံ ထွက်သွားတယ်။ ရင်ထဲမှာ လည်း တစ်ခုခုကို သတိရသွားသလို ခံစားလိုက်ရတယ်။

"ရှင်မ"

"ဟင်"

အဘွားကြီးက ညှိုးငယ်တဲ့အသံဖြင့် ပြန်ထူးတယ်။

"မင်းနဲ့ ငါ စတင်ညားကတည်းက ဒီနေ့အထိ မင်း အပေါ်ကို ငါ သစ္စာမဖောက်ခဲ့ဘူးနော်"

"အို. . . ကျွန်မကလည်း သစ္စာမဖောက်ခဲ့ပါဘူး"

ပြောရင်းဆိုရင်း နှစ်ယောက်စလုံးမှာ ဝမ်းသာအားရဖြစ်သွား တယ်။ သူတို့အတွက် သစ္စာဆိုရန် အကြောင်းအရာ ရသွားပြီကိုး။ ဒါနဲ့ သစ္စာဆိုရန်အတွက် လက်အုပ်ကလေးချီလိုက်ကြတယ်။ လေပြင်းတစ်ချက် တိုက်သွားတယ်။ သစ်ပင်အချို့လည်း လေပြင်း ကြောင့် ယိမ်းယိုင်နေကြတယ်။

"အဘိုးတို့ လင်မယားနှစ်ဦးသည်. . ."

"အဘွားတို့ လင်မယားနှစ်ယောက်သည်. . ."

လေက ပိုပြင်းလာတယ်။

အဘိုးကြီးနဲ့ အဘွားကြီးရဲ့ အိမ်သက်ငယ်လေးလည်း အနည်းငယ်လန်တက်သွားတယ်။

"စတင်ပေါင်းဖက်သည့်နေ့မှစ၍. . ."

"စတင်ပေါင်းဖက်သည့်နေ့မှစ၍. . ."





လက်ကိုင်ပဝါလေး ထပ်လွင့်သွားပြန်တယ်။ ဒီတစ်ခါတော့ ငှက် ကလေးနှစ်ကောင်နားတဲ့ သစ်ပင်မှာ သွားချိတ်နေတယ်။

"တစ်ဦးကိုတစ်ဦး သစ္စာမဖောက်ခဲ့ပါ"

"တစ်ဦးကိုတစ်ဦး သစ္စာမဖောက်ခဲ့ပါ"

လေပြင်းထဲတွင် ငှက်ကလေးနှစ်ကောင် ပါသွားတယ်။ လေက လည်း ပြင်းသည်ထက် ပိုပြင်းလာတယ်။

"ဤမှန်သော သစ္စာစကားကြောင့်. . . "

"ဤမှန်သော သစ္စာစကားကြောင့်. . . "

"အဘိုးတို့နှစ်ဦးသည်. . ."

"အဘွားတို့နှစ်ဦးသည်. . ."

"ချမ်းသာရပါလို၏"

"ချမ်းသာရပါလို၏"

ထိုစဉ်. . .

"ဝုန်း"

ဆိုသော အသံနှင့်အတူ ငှက်ကလေးတစ်ကောင် နားခဲ့ သော သစ်ပင်သည် လေပြင်း၏အရှိန်ကြောင့် အဘိုးကြီးနှင့် အဘွား ကြီးအိမ်ပေါ်သို့ တည့်တည့်ကြီးလဲကျသွားတယ်။ ကံဆိုးစွာနဲ့ပဲ ထိုသစ်ပင်သည် အဘိုးကြီးနဲ့ အဘွားကြီးရဲ့အပေါ်သို့ လဲကျသွားလေ တော့တယ်။ အဘိုးကြီးနဲ့ အဘွားကြီးမှာ လက်အုပ်ကလေးချီပြီး နှစ်ဦးသား မအော်နိုင်ကြတော့ဘဲ သေဆုံးသွားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်တိုက်ဆိုင်ဆိုင်ပဲ သူတို့ပေါ်လဲခဲ့သော သစ်ပင်၏အမြစ်နေရာမှ ''ဝင်းလက်သောအရာများ ပါရှိသည့် အိုးလေးတစ်လုံး'' လည်း ထွက်ပေါ်လာခဲ့တယ်။ အဘိုးကြီးနဲ့ အဘွားကြီးကတော့ သေဆုံးသွားခဲ့ပြီ။

ထို့အတူ သစ်ပင်အမြစ်ရှိ အိုးလေးမှာလည်း ပိုင်ဆိုင်သူမဲ့ခဲ့လေပြီ။

(၂)

လူငယ်လေးတစ်ဦးသည် မိုးစက်မိုးပေါက်များ ကျလာသောကြောင့် သူ့အိတ်ကပ်ထဲမှ လက်ကိုင်ပဝါလေးကို စမ်းလိုက်တယ်။

မတွေ့။

ဟိုဟိုဒီဒီနှိုက်ကြည့်တော့လည်း လက်ကိုင်ပဝါလေးမှာ ပျောက်ခြင်းမလှ ပျောက်သွားတော့တယ်။

ဒါနဲ့ သူလည်း မျက်နှာကို အကျႌနဲ့သုတ်လိုက်ပြီး သူ့ခရီးကို သူ ဆက်သွားလိုက်တော့တယ်။

❐

# တစ်ခါတုန်းက အိပ်မက်

www.burmeseclassic.com

www.burmeseclassic.com

(၁)

လူတစ်ယောက်သည် နတ်ပြည်သို့ရောက်လာ၏။ ရောက်ရောက်ချင်းပင် တံခါးစောင့်နတ်နှင့် တွေ့၏။

''ဟော့... ဘယ်သူလဲကွ၊ ရုပ်စမ်း''

တံခါးစောင့်နတ်က စမေးသည်။

''လူပြည်က သေလို့ နတ်ပြည်ရောက်လာတာပါ''

ထိုလူရဲ့ အဖြေကို ကြားသောအခါတွင် တံခါးစောင့်နတ်မှာ တော်တော်ကြီးစိတ်ညစ်သွားပုံရပြီး စိတ်ပျက်လက်ပျက်ပုံစံဖြင့်...

''နောက်နေ့မှလာလို့ မရဘူးလားကွာ''

ဟု ဆို၏။

''ဟာဗျာ၊ အဲဒီလိုမလုပ်ပါနဲ့ နတ်ကြီးရယ်၊ ကျွန်တော် လူပြည်ပြန်မဆင်းချင်တော့ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာကလည်း နတ်တွေပြည့်နေပြီကွ၊ မင်းအတွက် နေရာမရှိဘူးဖြစ်နေတယ်"

"ခုနကပြောတဲ့အတိုင်းဆိုရင် မနက်ဖြန်ကျရင် နေရာရပြီပေါ့"

"အင်း. . . အဲဒါလည်း မသေချာသေးဘူးကွ"

"ဟင်. . . နတ်ကြီးဟာကလည်း ဘယ်တော့မှ သေချာမှာလဲ"

"ဒီက နတ်တစ်ပါးပါး စုတေမှ မင်းအတွက် နေရာရမှာ"

"ဟူး"

ထိုလူမှာ နတ်ကြီးရှေ့တွင် စိတ်ပျက်လက်ပျက်နှင့် ထိုင်ချလိုက်၏။

တံခါးစောင့်နတ်မှာလည်း ဘာစိတ်ကူးပေါက်သည်မသိ သူနှင့်အတူတူ ရောထိုင်လိုက်၏။

"ဒါဆို ကျွန်တော်က နတ်တစ်ပါးပါး စုတေတဲ့အထိ စောင့်ရမှာလား"

"ဒါပေါ့"

"သူတို့က ဘယ်အချိန်စုတေတတ်လဲဟင်"

"သိပ်တော့မသေချာဘူးကွ၊ ရက်ပေါင်းကုဋေတစ်သန်း၊ နှစ်သန်းလောက် ကြာမယ်ထင်တယ်"

"ဗျာ"





ထိုလူမှာ တော်တော်လေးစိတ်ညစ်သွားသည်။

နတ်ကြီးကိုလည်း ညှိုးငယ်သောမျက်နှာလေးနှင့် မေးလိုက်၏။

"ကျွန်တော် ဘယ်လိုလုပ်ရမလဲဟင်"

နတ်ကြီးမှာလည်း ထိုလူကို သနားသွားပုံရသည်။

"အခုတော့ ငါနဲ့ ခဏနေဦးပေါ့ကွာ၊ နတ်တစ်ပါးပါး စုတေမှ မင်းအတွက် ဘုံဗိမာန်တစ်ခုယူပေါ့"

"အင်းပေါ့လေ၊ ဒီလိုပဲ လုပ်ရတော့မှာပေါ့"

"ငါလည်း အဲဒါပဲ တတ်နိုင်လို့ပါကွာ"

ခဏအကြာတွင် ထိုလူနှင့် တံခါးစောင့်နတ်ကြီးမှာ ငယ်ပေါင်းတွေလို ရင်းနှီးသွားကြ၏။

"နေပါဦးဗျ၊ နတ်ကြီးကို တစ်ခုမေးရဦးမယ်"

"ဘာလဲ၊ မေးလေ"

"သူများနတ်တွေကျတော့ အထဲမှာ နတ်သမီးတွေနဲ့ ဖိမ်ကျလို့၊ နတ်ကြီးက ဘာဖြစ်လို့ ဂိတ်စောင့်နေရတာလဲ"

"အပြစ်လုပ်မိလို့ပေါ့ကွာ"

နတ်ကြီးက ဝမ်းနည်းစွာဆိုသည်။

"ဒါဆို ဂိတ်စောင့်ပဲ၊ အမြဲတမ်းလုပ်ရတော့မှာပေါ့"

"အဲဒီလိုလည်း မဟုတ်သေးပါဘူး၊ အထဲက နတ်တစ်ပါးပါး အပြစ်လုပ်မိရင် အဲဒီနတ်နဲ့ ငါနဲ့ နေရာလဲရမှာကွ"



www.burmeseclassic.com

www.burmeseclassic.com

"တယ်ဟုတ်ပါလား"

နတ်ကြီးမှာ ခေါင်းငိုက်စိုက်ကျသွားသည်။

လူမှာလည်း နတ်ကြီးကိုကြည့်ကာ စိတ်မကောင်းဖြစ်သွားပြီး . . .

"ဘာအပြစ်လုပ်မိလို့လဲဗျ"

"တကယ်တော့ အဲဒီကိစ္စမှာ ငါမမှားပါဘူးကွာ"

နတ်ကြီးမှာ သူ့အဝတ်အစား တောက်တောက်ပြောင်ပြောင်များ လှုပ်ခါသည်အထိ ဝမ်းနည်းစကားဆိုသည်။

"ပြောပြပါလား နတ်ကြီးရယ်"

လူကလည်း နတ်ကြီးအား အချွန်နှင့်မလေ၏။ နတ်ကြီးကလည်း ထုံးစံအတိုင်း . . .

"ဒီလိုကွ"

ဟု ဆိုကာ . . .

(၂)

"ငါတို့ နတ်ပြည်မှာ ငါက နာမည်ကြီးပေါ့ကွာ"

"အင်း"

နတ်ကြီးမှာ ထိုစကားကို တော်တော်လေးကျေနပ်ဟန်ရှိ၏။

"နတ်သမီးတိုင်းက ငါ့ကိုကြိုက်ကြတယ်ပေါ့ကွာ၊ တိတိကျကျပြောရရင် ငါ့မယားဖြစ်ချင်တယ်ပေါ့ကွာ"





"အင်းပေါ့၊ အင်းပေါ့"

"တစ်နေ့မှာ ငါနဲ့ ခေတ်ပြိုင်နတ်တစ်ပါး ပေါ်လာတယ်၊ သူ့နာမည်ကို ငါက မောင်ခွေးနတ်လို့ ခေါ်တယ်"

"ဘာဖြစ်လို့လဲဗျ"

"အမြင်ကတ်လို့ နှာမ်နှိမ်တာကွ၊ သိပြီလား"

"သိပြီ၊ သိပြီ၊ ဆက်ပါဦး"

"ဒီတော့ အရင်တုန်းက ငါ အဖက်မလုပ်ခဲ့တဲ့ နတ်သမီးတွေက သူ့ကိုပြောင်းကြိုက်တော့တာပေါ့ကွာ"

"ဘာဖြစ်လဲ၊ နတ်ကြီးအတွက် ကျန်သေးတယ်မှတ်လား"

"ကျန်တော့ ကျန်သေးတာပေါ့၊ ဒါပေမဲ့ တစ်ဝက်ပဲ ကျန်ခဲ့တော့တာပေါ့"

နတ်ကြီးမှာ ပြောရင်းဆိုရင်း မျက်ရည်ဝဲလာ၏။

"အဲဒီတော့ . . ."

"အဲဒီတော့ ငါနဲ့ သူနဲ့ ခေတ်ပြိုင်တွေဖြစ်လာကြတာပေါ့ကွာ"

"အင်း"

"ခေတ်ပြိုင်တွေရဲ့ ထုံးစံအတိုင်း ထေ့ကြ ငေါ့ကြပေါ့"

"အင်းလေ . . . ဒါကလည်း နတ်သဘာဝကိုး"

"ပြောရဦးမယ်၊ သူနဲ့ ငါနဲ့က ဗိမာန်နီးနားချင်းတွေလည်း ဖြစ်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဪ. . ."

"ဒီလိုနဲ့ တစ်နေ့မှာ သူ့ဗိမာန်နဲ့ ငါ့ဗိမာန်ကြားမှာ နတ်သမီးတစ်ပါး ပေါ်လာတယ်"

"စိတ်ဝင်စားဖို့ကောင်းလာပြီ"

"ငါတို့နတ်ပြည်မှာက ကိုယ့်ဗိမာန်ထဲမှာ နတ်သမီးတစ်ယောက်ပေါ်လာလို့ရှိရင် အဲဒီဗိမာန်ရှင် နတ်သားက အဲဒီနတ်သမီးကို ပိုင်ဆိုင်ခွင့်ရှိတယ်"

"အခု ဘယ်ဗိမာန်မှာ ပေါ်တာလဲ"

"ငါတို့နှစ်ယောက်ရဲ့ ဘုံဗိမာန်ကြားမှာ ပေါ်တာ"

"ရော်. . . ဒါဆိုခက်ပြီ"

"မခက်ဘူး၊ အဲဒီ ငါတို့ဗိမာန်နှစ်ခုကြားထဲက မြေကွက်လပ်ကို လွန်ခဲ့တဲ့နှစ်ပေါင်းသုံးရာက ငါဝယ်ထားတာကွ"

"ဒါဆို အဲဒီနတ်သမီးကို နတ်ကြီးက ပိုင်တာပေါ့"

"အင်းပေါ့၊ ငါလည်း အဲဒီလိုပြောပြီး နတ်သမီးကို ငါ့ဗိမာန်ထဲ ခေါ်ထားတာပေါ့"

". . .  . . .  . . ."

"အဲဒီမှာ မောင်ခွေးနတ်က ငါတို့ရဲ့ နတ်အကြီးအကဲကို တိုင်ပါလေရော"

"သူက ဘာဖြစ်လို့တိုင်တာလဲ"

"ငါတို့ဘုံဗိမာန်နှစ်ခုကြားမှာ ပေါ်လာတဲ့အတွက် အဲဒီ





နတ်သမီးက ငါတို့နှစ်ယောက်စလုံးနဲ့ဆိုင်ပြီး နတ်သမီးကို ငါတို့က တစ်ယောက်တစ်လှည့်စီ ပိုင်ဆိုင်ခွင့်ရှိတယ်ပေါ့ကွာ"

"အဲဒါနဲ့ နတ်ကြီးက နတ်အကြီးအကဲကို သေချာမရှင်းပြလိုက်ဘူးလား"

"ငါလည်း ရှင်းပြတာပေါ့ကွာ၊ အဲဒီမြေကွက်လပ်လေးက ငါဝယ်ထားတဲ့အကြောင်း ဘာကြောင်းပေါ့၊ ဒါပေမဲ့ အဲဒီမှာ မောင်ခွေးနတ်က ငါ့ကိုပြောတယ်"

"ဘာပြောလဲ"

"အထောက်အထားစာရွက် ရှိလားတဲ့"

"ဟင်. . ."

ဇာတ်ရှိန်မြင့်လာပြီဖြစ်သည်။

လူမှာ နတ်ကြီးပြောသောစကားသံအား သိပ်မကြား၍ ရှေ့ကိုအနည်းငယ်တိုးလိုက်၏။

နတ်ကြီးက ဆက်ပြောသည်။

"ငါလည်း ငါ့ရဲ့အထောက်အထားစာရွက်စာတမ်းကို ပြန်ရှာရတာပေါ့"

"တွေ့လား"

"မတွေ့ဘူး"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



''ငါလည်း မသိပါဘူးကွာ၊ နှစ်တော်တော်ကြာပြီဆိုတော့ ပျောက်သွားလား မသိဘူး''

''နတ်ကြီးက ဘယ်မှာသိမ်းထားလို့လဲ''

''ငါ့စာရွက်စာတမ်းတွေထည့်တဲ့ ဖိုင်ထဲမှာပေါ့ကွ''

''ဟင်... နတ်ပြည်မှာလည်း ဖိုင်တွေရှိတယ်''

''ရှိတာပေါ့၊ နတ်ဖိုင်တွေလေ''

''အဲဒါနဲ့ နတ်အကြီးအကဲက ဘာပြောလဲ''

''ငါ့ကို လိမ်လည်မှုနဲ့ ဒီဂိတ်ကို ပို့လိုက်တာပါပဲကွာ''

အငွေ့ဆန်သည့် လေပြည်လေညင်းလေးက တိုက်ခတ်လာ၏။

လူမှာ နတ်ကြီး၏အဖြစ်အပျက်အား ကြားပြီးသည့်နောက် ဘာမှပြန်မပြောနိုင်ဘဲ တိမ်တွေအား ငေးကြည့်နေမိ၏။

ထို့နောက် လူမှာ တစ်စုံတစ်ခုသတိရသွားပြီး...

''နတ်တွေစုတေရင် ဘယ်လိုဖြစ်သွားလဲဗျ''

''အင်း... ဘယ်လိုပြောရမလဲဆိုတော့ သူတို့တွေ စုတေရင် အဲ... ငါတို့ပေါ့ကွာ၊ ငါတို့တွေ စုတေရင် ငါတို့ရဲ့ ခန္ဓာကိုယ်က မီးတောက်တွေ ချုပ်ငြိမ်းသွားသလိုမျိုး ဖြစ်သွားတယ်ကွ''

လူမှာ တွေးဆဆဖြစ်သွားပြီး...





''ခုနက နတ်ကြီးပြောတဲ့အတိုင်းဆိုရင် နတ်တစ်ပါးပါး စုတေရင် ကျွန်တော့်အတွက် ဘုံဗိမာန်တစ်ခု ရပြီပေါ့၊ ဟုတ်လား''

''အေးပေါ့''

''လာဗျာ၊ ကျွန်တော့်ကို နတ်ပြည်ထဲ လိုက်ပြပါလား''

''ဟာ... ဟော့ကောင်၊ ငါက ဂိတ်စောင့်ရဦးမှာ''

''ပိတ်ထားခဲ့လိုက်ပါဗျာ၊ ဘယ်သူမှလာမှာလည်း မဟုတ်ပါဘူး''

ဤသို့ဖြင့် တံခါးစောင့်နတ်ကြီးမှာ နတ်ပြည်ရောက်လာသောလူအား နတ်ပြည်အတွင်း၌ လိုက်ပြလေ၏။

(၃)

နတ်ပြည်၏တစ်နေရာအရောက်တွင် နတ်တစ်ပါးသည် နတ်သမီးတစ်ပါးနှင့် လမ်းလျှောက်ထွက်လာတာကို တွေ့ရ၏။

''အဲဒီနတ်ပေါ့''

''ဘာလဲဗျ၊ အဲဒီနတ်''

လူက နတ်ကြီး၏စကားကို နားမလည်၍ ပြန်မေးလိုက်သည်။

''ဩော်... အဲဒီနတ်က လူပြည်မှာတုန်းက လူပျိုကြီးလေ''

''အခုတော့''



www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ နတ်သမီးလေးတွေနဲ့ ပျော်လို့ပေါ့"

"ဒါတော့ သူကုသိုလ်ကံပေါ့ဗျာ"

"အံမယ်... သူက နတ်ပြည်ရောက်အောင် အားသွန်ခွန်စိုက်ကြိုးစားခဲ့တာ"

"ဘယ်လိုကြိုးစားတာလဲ"

"လူ့ပြည်မှာတုန်းက သူက ရုပ်ဆိုးတယ်"

"အင်း"

"ဒါကြောင့် သူ့ကို ဘယ်သူမှပြန်မကြိုက်ဘဲ လူပျိုကြီးဖြစ်လာတာ"

"ဟုတ်ပြီ"

"ဒီတော့ သူ စဉ်းစားတယ်၊ လူ့ပြည်မှာမို့လို့ ငါမစွံတာ၊ နတ်ပြည်မှာဆိုရင် နတ်သမီးလေးတွေနဲ့ အေးဆေးပဲဆိုပြီးတော့ ကုသိုလ်ကောင်းမှုတွေလုပ်၊ ဆုတောင်းဘာညာနဲ့ နတ်ပြည်ရောက်လာတဲ့ နတ်ပေါ့ကွာ"

"ဩော်"

အဲဒါနဲ့ လူက အဲဒီနတ်ကို လှမ်းအော်ခေါ်လိုက်၏။

"ဗျို့... လူ့ဘဝက လူပျိုကြီးနတ်"

လူ့ဘဝတုန်းက လူပျိုကြီးဖြစ်ခဲ့သော နတ်မှာ ကြားသွားပြီး ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်၏။





ထို့နောက် လူကိုမြင်သွားပြီး "ငါ့ကိုခေါ်တာလား"ဟူသော အိုက်တင်ဖြင့် မေးဆတ်ပြ၏။

"ဟုတ်တယ်၊ အဲဒီနတ်ကို ခေါ်တာ"

"နေပါဦး၊ မင်းက ငါ့ကို ဘယ်လိုခေါ်တာလဲ"

"လူပျိုကြီးနတ်လို့ ခေါ်တာပါ"

"ဟော့ကောင်... ငါ့ကို သိက္ခာမချနဲ့၊ ငါ့မှာ အခု နတ်သမီးပေါင်းမြောက်မြားစွာနဲ့ကွ၊ အဲဒါ မင်းသိလား"

"ဟုတ်လို့လားဗျ"

"ဩော်... မင်းက မယုံဘူးပေါ့လေ"

"အင်း... မယုံဘူး"

"ကဲ... ဒါဆို ငါ့နောက်လိုက်ခဲ့"

ဤသို့ဖြင့် လူပျိုကြီးနတ်မှာ လူနှင့် တံခါးစောင့်နတ်ကြီးအား ခေါ်သွားပြီး သူ့ရဲ့ နတ်သမီးလေးများနှင့် မိတ်ဆက်ပေးလေ၏။

ဒါက ဒေဝီနတ်သမီးလေး၊ ဒါက စန္ဒီနတ်သမီးလေး စသည်ဖြင့်ပေါ့။

ထိုစဉ် လူပျိုကြီးနတ်မှာ နတ်သမီးလေးတစ်ပါးနှင့် စကားလှမ်းပြောနေစဉ်တွင် လူမှာ တံခါးစောင့်နတ်ကြီးအား တိုးတိုးလေး ကပ်မေးလိုက်၏။

"ထမင်းဝါးပြီးသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ... ဘာပြောတယ်"

နတ်ကြီးက နားမလည်ချေ။

"အစာစားပြီးသွားပြီလားလို့ မေးတာ"

"ဪ... အင်း၊ လွန်ခဲ့တဲ့ တစ်လလောက်တုန်းက နတ်သုဒ္ဓါစားထားတယ်၊ ဒီတော့ နောက်တစ်လလောက်တော့ အစာခံသေးတယ်၊ နတ်သုဒ္ဓါစားထားရင် နှစ်လနီးပါးလောက် အစာမစားဘဲနေလို့ရတယ်"

"အဲဒီလောက်တောင်ပဲလား"

"ဟုတ်တယ်"

ထို့နောက် လူပျိုကြီးနတ်နှင့် စကားပြန်ပြောမိကြ၏။

လူပျိုကြီးနတ်က သူ့တွင် မိန်းမများကြောင်း ထပ်ကာတလဲလဲ သက်သေပြနေ၏။

ထိုသို့ လိုက်ပြပြောဆိုနေရသည်ကိုပင် သူ့မှာ အပျော်ကြီးပျော်လျက် ရှိနေသည်။

အချိန်အတော်ကြာသွားပြီ ဖြစ်သည်။

လူနှင့် တံခါးစောင့်နတ်ကြီးမှာလည်း လူပျိုကြီးနတ်ခေါ်ရာနောက်သို့ တကောက်ကောက်လိုက်နေရ၏။

တစ်နေရာအရောက်တွင် နတ်သမီးလေးတစ်ပါးက လူပျိုကြီးနတ်အား အထိတ်တလန့်ဖြင့် လှမ်းအော်သည်။





"နတ်ကြီး... နတ်ကြီးချိုင်းကြားက ချွေးတွေထွက်လာပြီ"

"ဟင်"

လူပျိုကြီးနတ်မှာ သူ့ချိုင်းကြားအား အထိတ်တလန့်ဖြင့် လှန်ကြည့်သည်။

နတ်သမီးက ထပ်အော်ပြန်၏။

"အို... နတ်ကြီးရဲ့ နတ်ဝတ်နတ်စားတွေကလည်း ညစ်နွမ်းလာပါလား"

တကယ်လည်း လူပျိုကြီးနတ်ရဲ့ နတ်ဝတ်နတ်စားများဟာ အလိုလိုနေရင်း ညစ်ပတ်လာ၏။

ချိုင်းကြားမှလည်း ချွေးတို့ထွက်လာ၏။

လူပျိုကြီးနတ်မှာလည်း မျက်စိမျက်နှာပျက်နှင့် အထိတ်တလန့်ဖြစ်လာ၏။

လူမှာ ဘာမှနားမလည်နိုင်ဘဲ သူတို့ကိုသာ ကြည့်နေရသည်။ ခဏကြာသောအခါတွင်...

လူပျိုကြီးနတ်၏ ခန္ဓာကိုယ်မှာ မီးများချုပ်ငြိမ်းသွားသလိုမျိုး ခန္ဓာကိုယ်မှာ ပျောက်ကွယ်သွား၏။

"အို..."

လူမှာ ထိတ်လန့်သွားသည်။

ဒါဟာ နတ်တို့စုတေတာလား။



www.burmeseclassic.com

www.burmeseclassic.com

၎င်းတွင် လူပျိုကြီးနတ် စုတေသွားသောနေရာတွင် စာရွက် လေးတစ်ရွက်သာ ကျန်ခဲ့၏။

"ဒါ . . . ဒါဟာ ငါ့ရဲ့ မြေကွက်ပိုင်တဲ့ အထောက် အထားစာရွက်ပဲ"

တံခါးစောင့်နတ်မှာ ဝမ်းသာအားရဖြင့် သူ့စာရွက်ကို ပြေးကောက်၏။ လူမှာ ဘာမှနားမလည်နိုင်တော့ဘဲ အနီးအနားရှိ နတ်သမီးအား လှမ်းမေးလိုက်၏။

"ဒါ စုတေတာလားဟင်"

"ဟုတ်တယ်၊ အဲဒါ နတ်သက်ကြွေတာ၊ ကြွေမှာပေါ့၊ သူက အဆာလွန်သွားတာကိုး"

"အဆာလွန်သွားလို့ စုတေတာ"

"ဟုတ်တယ်"

လူမှာ အခုထိ ဘာမှနားမလည်နိုင်သေး။

တံခါးစောင့်နတ်ကြီးမှာလည်း သူ့စာရွက်လေးအား ကိုင် ရင်း . . .

"ဒီစာရွက်ကရော သူ့ဆီ ဘာဖြစ်လို့ရောက်နေတာလဲ"

ခုနက နတ်သမီးအား လှမ်းမေးလိုက်သည်။

"အင်း... နတ်သားတစ်ယောက်က သူ့ကို ခဏာဆိုပြီး အပ်သွားတာ"





"ဒါဆို ဟို မောင်ခွေးနတ်လက်ချက်ပဲဖြစ်မယ်"

တံခါးစောင့်နတ်မှာ ဒေါသထွက်သွားပြီး သူ့စာရွက်သူ ကိုင်၍ နတ်အကြီးအကဲအား သွားတိုင်မယ်ဟုဆိုကာ ထွက်သွား လေ၏။

လူကလည်း အနောက်မှနေ၍ . . .

"ဟော့ . . . ဟော့ . . . နေရာတစ်နေရာရပြီကွ"

ဟု အော်ဟစ်ကာ တံခါးစောင့်နတ်နောက်သို့ လိုက်သွား လေ၏။

၎င်းသို့ဖြင့် တံခါးစောင့်နတ်ကြီး၏ အမှုမှာ မောင်ခွေးနတ် သည် သက်သေခံစာရွက်စာတမ်း ဖျောက်ဖျက်မှုဖြင့် ယခုအခါ တွင် တံခါးစောင့်နတ်နှင့် နေရာလဲကာ ဂိတ်စောင့်နေရလေ၏။

လူမှာလည်း နတ်သားတစ်ယောက် စုတေသောကြောင့် ဘုံဗိမာန်တစ်ခုရလေ၏။

တစ်နေ့ လမ်းတွင် လူနတ်သားနှင့် ယခင် တံခါးစောင့် နတ်ကြီးတို့ တွေ့သောအခါတွင် လူနတ်မှာ သူမရှင်းသည့်ကိစ္စ အား မေးလေ၏။

"ဒါနဲ့ နတ်ကြီးကို တစ်ခုမေးဦးမယ်"

"မေးပါ၊ ရပါတယ်"

"လူပျိုကြီးနတ် စုတေတုန်းက နတ်သမီးက ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com

"အင်း"

"သူက အစာစားချိန်လွန်သွားလို့ နတ်သက်ကြွေတာလို့ ပြောတယ်၊ အဲဒါ မရှင်းဘူးဖြစ်နေတယ်၊ ပြီးတော့ ချိုင်းကြားက ချွေးထွက်တာတို့ ဘာတို့ဆိုတာကလည်း ဘာကိုပြောတာလဲ"

"သြော်. . . ဒါလား၊ ဒီလိုကွ"

ဟု ဆိုကာ အောက်ပါအတိုင်း ရှင်းပြ၏။

(၄)

နတ်တို့ စုတေခါနီး ထင်ဟပ်လာသော ပုဗ္ဗနိမိတ် ၅ မျိုးရှိသည်။

(၁) နတ်ပန်းတို့ ညှိုးနွမ်းလာခြင်း

(၂) နတ်ဝတ်တန်ဆာတို့ ညစ်နွမ်းခြင်း

(၃) လက်ကတီးကြား (ချိုင်းကြား)တို့မှ ချွေးယိုခြင်း

(၄) ရုပ်ရည်အဆင်းဖောက်ပြန်ခြင်း

(၅) မိမိနေရာ နတ်ဘုံဗိမာန်၌ မပျော်မွေ့ခြင်း

ထို့ပြင် နတ်များမှာလည်း လူတွေလိုပဲ သေခြင်းလေးမျိုး ရှိသေးသည်။

(၁) အာယုက္ခယ – အသက်ကုန်၍သေခြင်း

(၂) ပုညက္ခယ – ကုသိုလ်ကောင်းမှုကုန်၍ သေခြင်း





(၃) အာဟာရက္ခယ – အာဟာရပြတ်၍ သေခြင်း

(၄) ကောမေန – အမျက်ဒေါသထွက်၍ သေခြင်းတို့ ဖြစ်ကြသည်။

(၅)

"ဒါဆို လူပျိုကြီးနတ်က နတ်သုဒ္ဓါစားထားပေမယ့်လည်း နောက်ထပ်စားရမယ့်အချိန် ကျော်လွန်ပြီး မေ့သွားလို့ စုတေသွားတာပေ့ါ"

"အေးပေ့ါ၊ တစ်နည်းပြောရရင် အကြွားလွန်ပြီး စုတေတာလို့လည်း ပြောလို့ရတယ်"

လူနတ်သားက ယခင်တံခါးစောင့်နတ်၏ စကားကို သဘောကျ၍ အားပါးတရ ရယ်မောနေလိုက်သည်။

ထိုစဉ်. . .

"ဂွီ. . . ဂွီ. . ."

အသံမြည်သံ ထွက်သွား၏။

လူနတ်သားနှင့် ယခင် တံခါးစောင့်နတ်ကြီးမှာ တစ်ယောက်နှင့်တစ်ယောက် ကြည့်မိကြ၏။

ဘာသံလဲပေ့ါ။

"ဗိုက်. . . ဗိုက်ဆာတဲ့အသံနဲ့ တူတယ်"

လူနတ်သားက အထိတ်တလန့် ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ယခင် တံခါးစောင့်နတ်ကြီးမှာလည်း ကြောက်လန့်တကြား ဖြစ်သွားပြီး . . .

"ငါ . . . ငါမဟုတ်တူး ငါ ခုနကစားလာတာ၊ မင်း . . . မင်း ဗိုက်ဆာနေတာထင်တယ်"

"ဟင်"

□



# ယောက်ျားမရှိတဲ့ကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com

(၁)

တစ်ကမ္ဘာလုံးတွင် ယောက်ျားများမရှိတော့ဘဲ မိန်းမများသာ ကျန်ရစ်ခဲ့သောအချိန်အခါ ဖြစ်သည်။

(၂)

မိန်းမပျိုလေးတစ်ဦးသည် အလှပြင်ပစ္စည်းများရောင်းချသော ဆိုင်ရှေ့မှ ဖြတ်သန်းသွား၏။ ဤတွင် ဆိုင်ရှင်အမျိုးသမီးမှာ ပစ္စည်းများ သိမ်းဆည်းနေသည်ကို တွေ့ရသောကြောင့် . . .

"ဆိုင်ပိတ်တော့မှာလား"

ဟု သိချင်စိတ်ဖြင့် မေးလိုက်သည်။

"မဟုတ်ဘူး၊ အလှကုန်ပစ္စည်းအစား အခြားကုန်ပစ္စည်းပြောင်းပြီးရောင်းမလို့"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ... တစ်ကမ္ဘာလုံးမှာ ယောက်ျားတွေမရှိတော့ဘူးဆိုတော့ မိန်းမတွေလည်း အလှပြင်စရာ မလိုတော့ဘူးလေ"

"အဟင်း... ဟုတ်တယ်နော်"

မိန်းမပျိုလေးမှာ ဆိုင်ရှင်၏ စကားကို ခေါင်းတဆတ်ဆတ်ညိတ် လက်ခံရင်း ရှေ့ဆက်လျှောက်လာခဲ့လိုက်သည်။

(၃)

အရင်ကတည်းက ယောက်ျားများနှင့် ရင်ပေါင်တန်း အလုပ်လုပ်လာခဲ့သောကြောင့် ယောက်ျားများမရှိသောအခါတွင် လုပ်ငန်းများမှာ သိသိသာသာထိခိုက်ခြင်း မရှိချေ။

သို့သော် ရုပ်ရှင်ရုံများ ဝင်ငွေနည်းသွားကြသည်။

သားဖွားမီးယပ်ဆရာဝန်များ ကြုံရာကျပန်း လုပ်နေရသည်။ ယခင် ပန်းခြံနေရာများတွင် အဆောက်အအုံများ ဆောက်လုပ်လာကြ၏။

(၄)

လယ်မများတွင်လည်း ကြော်ငြာဆိုင်းဘုတ်များကို တွေ့လာရ၏။ အခြားနည်းဖြင့် မျိုးဆက်ပွား၍ စဉ်းစားကြပါ။ လုပ်ဆောင်ကြပါ... စသည့် ကြော်ငြာများပင် ဖြစ်သည်။





(၅)

ဤတွင် စိတ်ရောဂါကုဆရာဝန်များသည် ဝင်ငွေကောင်းလာကြ၏။ အချစ်ဝတ္ထုများလည်း ရောင်းကောင်းလာခဲ့သည်။

အမျိုးသမီးများ ဆုံသောအခါတွင် ယခင် ယောက်ျားများ၏ ကောင်းကျိုးများ၊ လိမ္မာသည့်အကြောင်းများ စသည့် ချီးမွမ်းသံများကိုသာ ကြားရတတ်၏။

တချို့က ဆိုသေးသည်။

"ဒီအချိန်မှာ ကျွန်မယောက်ျားရှိရင် သိပ်ကောင်းမှာပဲ"

"ဘာဖြစ်လို့လဲ"

"သူများတွေထက် ကျွန်မက ကံထူးတဲ့သူဖြစ်တာပေါ့"

"ဘာပဲဖြစ်ဖြစ် ကျန်တဲ့မိန်းမတွေကလည်း နှင့်ယောက်ျားကိုပဲ ဝိုင်းကြိုက်ကြမှာပေါ့"

(၆)

ဤသို့ဖြင့် ယောက်ျားများမရှိသော မိန်းမကမ္ဘာထဲတွင် မိန်းမ များသည် အထီးကျန်ဆန်လာ၏။

ပျော်ရွှင်ရယ်မောမှု မရှိတော့ဟုဆိုပြီး အားလုံး၏စိတ်ထဲတွင်လည်း ခံစားလာရသည်။

အရင်တုန်းက ယောက်ျားများရှိသောအခါတွင် ဂရုမစိုက်ခဲ့ရလေခြင်းဟု နောင်တရကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် တစ်နေ့အခါ၌ မိန်းမများအတွက် ပျော်ရွှင်နိုင်စေမည့် သတင်းတစ်ခုသည် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သွား၏။

(၇)

ထိုသတင်းမှာ ''ယောက်ျားလေးတစ်ဦး''ကို ရှာဖွေတွေ့ရှိထားပြီဆိုသည့်သတင်းပင် ဖြစ်သည်။

(၈)

တချို့က ထိုယောက်ျားလေးရှိရာအရပ်သို့ ခရီးထွက်ရန် ပြင်ဆင်ကြသည်။ ကိုယ်ပိုင်ကားရှိသူက ကိုယ်ပိုင်ကားနှင့် သွားကြသည်။

ကားမရှိသူကတော့ သင့်တော်ရာနည်းလမ်းဖြင့် သွားကြသည်။

အရေးကြီးသည်မှာ အခြားသူများထက် ရှေးဦးစွာရောက်ဖို့ပင် ဖြစ်သည်။

တစ်ကမ္ဘာလုံးရှိ မိန်းမများမှာလည်း ထိုယောက်ျားလေးရှိရာအရပ်သို့ အပြိုင်အဆိုင် ခရီးထွက်ကြသဖြင့် . . .

တစ်နည်းအားဖြင့် ပျော်စရာကောင်းလှသည်ဟုပင် ထင်မြင်မိသည်။ သူတို့ ခရီးသွားကြလေပြီ။

ကားတစ်တန်၊ ရေတစ်တန်ဖြင့် . . .။





မောကြီးပန်းကြီး

အပြိုင်အဆိုင်ဖြင့် . . .

ထိုယောက်ျားလေးရှိရာ မြို့သို့ အားလုံးလိုလိုပင် တစ်ပြိုင်နက်တည်း ရောက်ရှိသွားကြသည်။ တချို့က ထိုယောက်ျားလေးရှိရာသို့ အလုအယက်ပြေးသွားကြသည်။

''ဟင်''

တွေ့လိုက်ရသောမြင်ကွင်းကြောင့် အားလုံးရပ်တန့်သွားကြသည်။

(၉)

ထိုယောက်ျားလေးမှာ မိန်းမလျာစိတ် (gay) ဖြစ်နေသောကြောင့် ဖြစ်သည်။

(၁၀)

အားလုံး စိတ်ပျက်သွားကြသည်။ စိတ်မောလူမောဖြစ်သွားကြပြီး ဟိုထိုင် ဒီထိုင်နှင့် ထိုယောက်ျားကိုသာ ငေးကြည့်နေကြသည်။

မိန်းမတစ်ဦးက ထိုယောက်ျားနားသို့ ကပ်သွားသည်။

''မင်းက ငါတို့မိန်းမတွေကို စိတ်မဝင်စားဘူးလား''

ထိုယောက်ျားလေးက လှည့်ပင်မကြည့်ချေ။ လက်သည်း



www.burmeseclassic.com

www.burmeseclassic.com



လေးကို ကိုက်လိုက်၊ ဟိုနဲ့ ဒီနဲ့လုပ်လိုက်နှင့် ဖြစ်နေသည်။ ထိုမိန်းမမှာလည်း စိတ်ပျက်ပြီး နောက်ဆုတ်သွားသည်။ နောက် အမျိုးသမီးတစ်ယောက် ထွက်လာပြီး . . .

"ယောကျ်ားတစ်ယောက်ဖြစ်ရတာ ရတောင့်ရခဲအခွင့် အရေးကွယ့်၊ မင်း စဉ်းစားပါဦး၊ ဒီမှာလည်း ချောချောလှလှ မိန်းကလေးတွေ အများကြီးပဲ"

စသည်ဖြင့် ယောကျ်ားတစ်ယောက်ဖြစ်ရတာ ဂုဏ်ယူဖို့ ကောင်းကြောင်း စသည်ဖြင့် အတန်ကြာသည်အထိ သူတို့ဘက်ပါ အောင် ဆွဲဆောင်နေသည်။

(၁၁)

အခြေအနေမှာ မထူးခြားလာသေးချေ။

ဤသို့ဖြင့် မိန်းမများမှာလည်း ထိုယောကျ်ားအတွက် တစ်နည်းတစ်ဖုံ စဉ်းစားလာရပြန်သည်။ ထိုယောကျ်ားစိတ် ပြောင်းလဲလာဖို့အတွက် အချိန်တော့ယူရမည်ဟု အားလုံးက လက်ခံ ထားကြသည်။

ပထမဦးဆုံး ထိုယောကျ်ားကို မောင်ရှားပါးဟု အမည် အရင်ပေးလိုက်ကြသည်။

ထိုသို့ဖြင့် မောင်ရှားပါးရှိသောမြို့တွင် မိန်းမများ အခြေ ချနေထိုင်လာခဲ့တော့သည်။





(၁၂)

ထိုသတင်းသည် ယောကျ်ားလျှာ (Tomboy) များအဖို့ လွန်စွာထိုးနှက်ခြင်းခံရသော သတင်းဖြစ်သည်။

သူတို့၏ချစ်သူ မိန်းမပျိုလေးများသည် ထိုယောကျ်ား လေးရှိရာ အရပ်မှာ သွားရောက်နေထိုင်ခြင်းသည်ပင် အခံရခက် လှနေပြီ ဖြစ်သည်။

နောက်ဆုံး သူတို့ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ကြသည်။

ထိုယောကျ်ားလေးကို သူတို့၏ ရန်သူအဖြစ်သတ်မှတ်ပြီး သူတို့ နေထိုင်ရာမြို့သို့သွားကာ ရန်ပြုရန်ပင် ဖြစ်သည်။

ထို့ကြောင့် သူတို့၏ ကိုယ်စားလှယ်တစ်ဦးကို ရွေးချယ် လိုက်ကြသည်။ သူ့နာမည်အား လျှာလျှာဟု ဆိုကြပါစို့။

(၁၃)

မောင်ရှားပါးသည် မြို့တွင်း၌ လမ်းလျှောက်ထွက်လာ သည်။ သူ့နောက်မှာ မိန်းမပျိုလေးနှစ်ဦး လိုက်လာ၏။

"မောင်ရှား ဘယ်သွားမလို့လဲ"

"အဟင်း . . . ဘယ်သူများလဲလို့၊ အတင့်တို့ပဲ၊ ရှား ဈေးသွားမလို့"

"အတင့်လည်း လိုက်ခဲ့မယ်လေ"

"အို . . . ဒါဆို အဖော်ရတာပေါ့၊ ကျေးဇူး"



www.burmeseclassic.com

www.burmeseclassic.com



အတင့်ဆိုသည့် မိန်းမပျိုလေးက မောင်ရှားဏ်လက်ကို လှမ်းဆွဲလိုက်ကာ ဈေးခြင်းတောင်းလေးကို တစ်ဖက်မှ ပြောင်းကိုင်လိုက်ပြီး အတူလျှောက်လာခဲ့၏။

မောင်ရှားပါးများ ရှိန်းတိန်းဖိန်းတိန်းဖြစ်သွားမလားဆိုသည့် ရည်ရွယ်ချက်နှင့် ဖြစ်သည်။

နောက်မှပါလာသော အမျိုးသမီးလေးက အတင့်ကို မျက်စောင်းထိုးပြီး ကြည့်သည်။

ထိုသို့ဖြင့် မိန်းမပျိုလေးများသည် မောင်ရှားပါး စိတ်ပြောင်းလဲလာစေရန်အတွက် သူတို့နည်း သူတို့ဟန်ဖြင့် ကြိုးပမ်းနေကြသည်။

ရလဒ်မှာ ထင်သလောက် မလွယ်သေးချေ။

(၁၄)

လှလှသည် ဒီမြို့လေးအတွင်းသို့ ခြေချလိုက်သောအခါတွင် ထိုယောက်ျားကို မှန်းတီးစိတ်များဖြင့် ပြည့်လျှံနေသည်။

မြို့တွင်းရှိ မိန်းမချောလေးများကြောင့်လည်း သူ့စိတ်မှာ လှုပ်ရှားနေသည်။

ထိုယောက်ျား (မောင်ရှားပါးဟု သူသိရှိထားပါသည်။) ကို တွေ့အောင်ရှာရမည်။ ပြီးနောက် . . .

အားလုံးက မှာလိုက်သည့်အတိုင်း . . .





ထိုစဉ် မိန်းမချောလေးတစ်ဦးသည် လှလှအနားမှ ဖြတ်သွားသည်။

"ဟော့ . . . ရှတ် . . . ရှတ်"

သူ လှမ်းခေါ်လိုက်သည်။

မိန်းမချောလေးက လှည့်ကြည့်သည်။

လှလှက ပဲလေးနည်းနည်းထည့်လိုက်ပြီး . . .

"မောင်ရှားပါးကို သိလား"

"သိသားပဲ၊ ကျွန်မ အချစ်ဆုံးလေ"

လှလှ တင်းသွားသည်။

ထို့ကြောင့် လေသံကို ခပ်မာမာအသံပြောင်းလိုက်ပြီး–

"ဟေး . . . သူ ဘယ်မှာလဲကွ"

ဘောင်းဘီအိတ်ထဲ လက်ကို ထည့်ထားလိုက်သည်။

"ခုနကတော့ ဈေးဘက်သွားတာ တွေ့လိုက်တယ်၊ ဘာလုပ်မလို့လဲ"

"သူ့ကို ငါသတ်မလို့၊ ပြီးမှ အချစ်လေးကို လာတွေ့ဦးမယ်"

ထိုသို့ ရိသဲ့သဲ့ပြောပြီး လှလှသည် သူ၏ခြေလှမ်းများကို ဈေးဘက်သို့ ဦးတည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## (၁၅)

"ဟယ် . . . ပန်းသီးလေးက ချစ်စရာလေး၊ ရှားရှား ဝယ်ချင်တယ်"

"ဝယ်လေ ရှားရဲ့၊ အတင့် ဝယ်ပေးမှာပေါ့"

မောင်ရှားပါးသည် ပန်းသီးတစ်လုံးကို ကောက်ယူလိုက်ပြီး ဈေးခြင်းထဲသို့ ထည့်လိုက်သည်။

အတင့်ကလည်း မောင်ရှားပါးနောက်မှ ကပ်လိုက်လာနေသေးသည်။

ဈေးအတွင်းရှိ မိန်းမပျိုများကလည်း မောင်ရှားပါးကို နှုတ်ဆက်နေသောကြောင့် မောင်ရှားပါးကလည်း ပြန်ပြီးနှုတ်ဆက်နေရသေးသည်။

"ရှားလေး၊ ရော့ . . . လိမ္မော်သီး"

"မောင်ရှားရေ . . . ဒီမှာ မုန့်လေးယူသွားပါဦး"

စသည်ဖြင့် အဆစ်ထည့်ပေးနေကြသောကြောင့် မောင်ရှားပါး၏ ခြင်းတောင်းအတွင်း ပစ္စည်းများဖြင့် ပြည့်နေပြီ ဖြစ်သည်။





## (၁၆)

"အဲဒါလေ မောင်ရှားပါးဆိုတာ"

ကောင်မလေးတစ်ယောက် ညွှန်ပြရာသို့ ကြည့်လိုက်သည်၊

ဈေးဆွဲခြင်းတောင်းကိုင်ထားသည့် သူ၏ပုံစံကို နောက်ကျောမှ တွေ့ရသည်။ ဘေးနားမှာလည်း မိန်းကလေးနှစ်ယောက် ပါနေသေးသည်။

သူ လက်သီးကို ကျစ်လိုက်သည်။

ဒေါသစိတ်တို့ဖြင့် ထိုလူရှိရာသို့ ခြေလှမ်းကျဲကျဲဖြင့် လှမ်းသွားလိုက်သည်။

## (၁၇)

"ဒီမှာ"

နောက်မှ လှမ်းပုတ်လိုက်သောကြောင့် . . .

"အို . . . လန့်လိုက်တာ"

ဟု ဆိုပြီး မောင်ရှား ကြောက်ရွံ့သွားကာ နောက်ဘက်ကို လှည့်ကြည့်မိသည်။

"အို . . ."

ဈေးခြင်းတောင်းသည် အောက်ဘက်သို့ ပြုတ်ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၈)

''ဟာ''

နူးညံ့သော မျက်ဝန်းတစ်စုံကို တွေ့မြင်လိုက်ရသည်ဟု လျှာလျှာ ရင်ထဲတွင် ခံစားလိုက်ရသည်။

လက်သီးတို့ အလိုလိုပြေလျော့သွားသည်။

တစ်မိနစ်၊ နှစ်မိနစ်ခန့် သူ့အကြည့်တို့တွင် မျောသွားသည်။

သူ့နှလုံးခုန်သံကို သူပြန်ကြားနေရသည်။

(၁၉)

ဈေးအတွင်း၌ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။

မောင်ရှားက လျှာလျှာကို မဝံ့မရဲခိုးကြည့်ရင်း ပြုတ်ကျသွားသော ဈေးခြင်းတောင်းကို ပြန်ကောက်ယူသည်။

မျက်လုံးစိမ်းစိမ်းကြီးတွေကို သူ မခံနိုင်တော့သောကြောင့်. . .

''အတင့် ပြန်ရအောင်နော်''

ဟု တိုးတိုးလေးပြောလိုက်သည်။





(၂၀)

''ဟိုနေ့ကအဖြစ်အပျက်ကို တို့ တောင်းပန်ပါတယ်၊ သူလန့်သွားလားဟင်''

''အင်း''

ကောင်မလေးလိုပုံစံတစ်ယောက်က ခေါင်းကလေးငုံ့ပြီး ရှက်ကိုးရှက်ကန်းဖြစ်နေသည်။

ယောက်ျားလေးလို ပုံစံတစ်ယောက်ကတော့ အကြင်နာမျက်ဝန်းများဖြင့်ကြည့်ကာ စကားလုံးများကို တရစပ်လွှတ်နေတော့သည်။

(၂၁)

နောင်နှစ်အနည်းငယ်ကြာသောအခါတွင် ဤကမ္ဘာမြေပေါ်၌ ယောက်ျားလေးတစ်ယောက်စ၊ နှစ်ယောက်စ ပြန်လည်တွေ့ရှိလာရသည်။

မောင်ရှားပါးသည်လည်း ထိုအချိန် ထိုအခါတွင် ယောက်ျားစိတ် ပြန်ဖြစ်သွားသည်ဟု သိရှိရပါသည်။ မည်သို့မည်ပုံ ပြန်ပြောင်းသွားသည်ဟုတော့ မည်သူတစ်ဦးတစ်ယောက်မှ မသိရှိကြပါ။



www.burmeseclassic.com

www.burmeseclassic.com



(၂၂)

ကိစ္စမရှိပါဘူး။

ယခုအခါတွင် ကမ္ဘာကြီးသည် ယောက်ျားကလေး၊ မိန်းကလေးများဖြင့် သူ့သဘာဝအတိုင်း ရှိနေသော ကမ္ဘာကြီးတစ်ခု ပြန်ဖြစ်နေပါတော့သည်။

□



# စပ်စုတဲ့ ကောင်လေး

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတုန်းက လူငယ်တစ်ယောက်သည် ကမ္ဘာလောကကြီးတွင် မည်သည့်အရာက စိတ်ဝင်စားဖွယ်အကောင်းဆုံး အကြောင်းအရာဖြစ်သနည်းဆိုသည့်ကိစ္စအား လွန်စွာသိချင်နေလေ၏။

ထို့ကြောင့် ကမ္ဘာလောကကြီးထဲ၌ အကြောင်းအရာမျိုးစုံကို မေးမြန်း(စပ်စု)ရန်အတွက် ခရီးထွက်ခဲ့လေသည်။

ထိုသို့ သွားရင်း လမ်းဘေးတစ်နေရာအရောက်တွင် သူ့ကိုယ်သူ အဖြေပါရဂူဟု အမည်တပ်ထားသည့် လူတစ်ယောက်နှင့် တွေ့လေ၏။

(အဖြေပါရဂူဆိုသည်မှာ မည်သည့်ကိစ္စမေးမေး သူ၌ အဖြေ အဆင်သင့်ရှိနေသော အရာရာအားလုံးကို ဖြေနိုင်သော ပါရဂူတစ်ယောက် ဖြစ်ပါသည်ဟု ဆိုထားသည်။)

ဤတွင် လူငယ်သည် စိတ်ဝင်စားသွားပြီး အဖြေပါရဂူဘေး၌ ဝင်ထိုင်လိုက်လေ၏။

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ"

လူငယ်က ရိုရိုသေသေခေါ်လိုက်သည်။

"အင်း . . . မေးပါ"

"ကမ္ဘာမှာ ဘယ်အရာက စိတ်ဝင်စားဖွယ်အကောင်းဆုံး အကြောင်းအရာလဲ ဆရာ"

အဖြေပါရဂူက တုံ့ဆိုင်းခြင်းမရှိဘဲ . . .

"မိန်းမတွေရဲ့အကြောင်းအရာပေါ့ကွာ" ဟု ဖြေလေ၏။

"ဒါဆို အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် မေးခွန်းနည်းနည်းမေးမယ် ဆရာရယ်"

"အင်း . . . မေးပါလို့ ပြောပြီးပြီလေ"

"ဟုတ် . . . ဟုတ်ကဲ့၊ ကျွန်တော် စမေးမယ်နော်"

အဖြေပါရဂူက ခေါင်းသာညိတ်ပြသည်။

လူငယ်က စမေး၏။

❑

လူငယ် – "မိန်းကလေးတစ်ယောက် အသည်းကွဲရင် ဘယ်နှနှစ်ခံပါသလဲ ဆရာ"

ပါရဂူ – "သုံးနှစ်၊ မိန်းကလေးတစ်ယောက် အသည်းကွဲရင် နောက်ထပ်သုံးနှစ်လောက်ထိ သူခံစားနေတုန်းပဲ"





လူငယ် – "ဟုတ်ကဲ့ ဆရာ၊ မိန်းကလေးတစ်ယောက် ငြိမ်ငြိမ်လေးဖြစ်နေမယ်ဆိုရင်ရော ဆရာ"

ပါရဂူ – "သူ့ခေါင်းထဲမှာ အတွေးပေါင်းသိန်းသန်းမက တွေးနေလိမ့်မယ်"

လူငယ် – "ကျွန်တော့်ကောင်မလေးက ကျွန်တော်နဲ့ ပြဿနာကို အငြင်းမပွားဘဲ ငြိမ်နေမယ်ဆိုရင် ကျွန်တော် ဘယ်လိုနားလည်ရမလဲ ဆရာ"

ပါရဂူ – "သူ အဲဒီကိစ္စကို လေးလေးနက်နက်စဉ်းစားနေပြီ၊ သတိသာ ထားပေတော့"

လူငယ် – "ဟုတ်ကဲ့ပါ၊ တစ်နေ့ ကျွန်တော့်ကောင်မလေးက ကျွန်တော့်ကို မေးခွန်းပေါင်းများစွာပါတဲ့ အကြည့်နဲ့ ကြည့်တယ် ဆရာ၊ သူ့ကို ဘယ်လိုနားမလည်ရမလဲ မသိဘူး"

ပါရဂူ – "သူက မင်း သူ့အနားမှာ ဘယ်လောက်အထိ နေမှာလဲလို့ သိချင်ပုံရတယ်ကွ"

လူငယ်လေး အံ့ဩသွားသည်။

ပါရဂူကြီးကိုလည်း တော်တော်လေးအထင်ကြီးသွားသည်၊ ထို့နောက် မေးခွန်းတစ်ခု ထပ်မေးလိုက်ပြန်သည်။

လူငယ် – "သူက ပြဿနာတစ်ခုခု ဖြစ်လာပြီဆိုရင် "ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဖြစ်ပါဘူး အေးဆေးပါပဲ''လို့ ပြောတယ် ဆရာ''

ပါရဂူ – ''မင်းက မိန်းကလေးတွေအကြောင်းမှ မသိသေးဘဲ''

လူငယ် – ''ဘာဖြစ်လို့လဲ ဆရာ''

ပါရဂူ – ''မိန်းကလေးတစ်ယောက်ဟာ ''ကျွန်မ ဘာမှမဖြစ်ပါဘူး၊ အေးဆေးပါ''လို့ဖြေပြီး နောက်စက္ကန့် အနည်းငယ်အကြာမှာ သူမဟာ အဲဒီအဓိပ္ပာယ်ရဲ့ ဆန့်ကျင်ဘက်ဖြစ်နေတတ်တယ်''

လူငယ် – ''ဩော်''

လူငယ်က ခေါင်းတဆတ်ဆတ် ညိတ်သည်။

ပါရဂူ – ''မင်းက မိန်းကလေးတွေနဲ့ပတ်သက်ရင် သိပ်မသိသေးဘူး ထင်တယ်''

လူငယ် – ''ဟုတ်ပါတယ် ဆရာ''

ပါရဂူ – ''ဒီတော့ကွာ၊ မိန်းကလေးတွေနဲ့ပတ်သက်ရင် အချက်လေး အနည်းငယ်ပြောပြလိုက်မယ်ကွာ''

လူငယ် – ''ပြောပါ ဆရာ၊ ကျွန်တော် မှတ်သားပါ့မယ်''

❑





မိန်းကလေးတစ်ယောက်က သင့်ကိုစိုက်ကြည့်နေရင် ''ဘာကြောင့် ရှင်က သိပ်အံ့ဩဖို့ကောင်းနေတာလဲလို့'' သူမ သိချင်နေပါလိမ့်မယ်''

❑

သင့်ရဲ့ ပါးပြင်နားမှာ သူမရဲ့ ခေါင်းလေးမှီထားပြီဆိုရင် ''ရှင်ဟာ ကျွန်မရဲ့ ထာဝရချစ်သူဖြစ်ပါစေ''လို့ သူမ ဆုတောင်းနေလိမ့်မယ်။

❑

''ရှင်မရှိရင် ကျွန်မ မနေတတ်ဘူး''လို့ မိန်းကလေးက ပြောရင် သင်ဟာ သူမရဲ့အနာဂတ်ဖြစ်တယ်ဆိုတာကို သူမ ဆုံးဖြတ်ထားတယ်လို့ မှတ်ယူပါ။

❑

''ကျွန်မ ရှင့်ကို သိပ်လွမ်းတာပဲ''

လို့ပြောရင် ကမ္ဘာပေါ်မှာ သူမလောက် သင့်ကို လွမ်းတဲ့လူ မရှိဘူးလို့ မှတ်ယူထားရပါမယ်။

❑



www.burmeseclassic.com

www.burmeseclassic.com

ဤတွင် အဖြေပါရဂူသည် မိန်းကလေးများနှင့်ပတ်သက်သော အကြောင်းအရာသာ ပြောသွားခဲ့ပါသည်။ ယောက်ျားလေး အကြောင်း မပါဝင်ခဲ့ပါ။ ထို့ကြောင့် လူငယ်က . . .

"ဆရာကြီး"

"ဟေ . . . "

"ယောက်ျားလေးတွေအကြောင်းကရော"

ထိုအခါ အဖြေပါရဂူက . . .

"ငါမသိဘူးကွ" ဟုဆိုပြီး ခပ်ပြတ်ပြတ်ပြောကာ တစ်ဖက် လှည့်သွားလေ၏။

လူငယ်လည်း စိတ်ပျက်သွားပြီး အဖြေပါရဂူဆိုသည်မှာ မိန်းမတွေနှင့်ပတ်သက်ပြီး တစ်ခုတည်းသာ သိသောသူဟု မှတ်ယူ လိုက်လေ၏။

ထို့ကြောင့် ခရီးဆက်ထွက်ခဲ့လေသည်။

တစ်နေရာအရောက်တွင် သမီးရည်းစားစုံတွဲတစ်တွဲ ထိုင် နေသည်ကို တွေ့ရ၏။

လူငယ်လည်း သူတို့ပြောစကားများကို စိတ်ဝင်စားသော ကြောင့် အနားကပ်ကာ နားထောင်လေ၏။

ကောင်လေး – "အင်း . . . နောက်ဆုံးတော့ ဒီအချိန်ကို စောင့်နေရတာ ကြာပြီ"

ကောင်မလေး – "ကျွန်မကို ခွဲသွားမှာလားဟင်"





ကောင်လေး – "ဟာ . . . အဲဒါကြီးကို မတွေးစမ်းပါနဲ့"

ကောင်မလေး – "ရှင် ကျွန်မကို ချစ်လား"

ကောင်လေး – "ဒါပေါ့၊ အတိုင်းထက်အလွန်ပဲ"

ကောင်မလေး – "ရှင် ကျွန်မကိုရော လှည့်စားဦးမှာလား"

ကောင်လေး – "နိုးပဲ၊ ဘာကြောင့် အဲဒီလိုမေးနေရတာလဲ"

ကောင်မလေး – "ရှင် ကျွန်မကိုရော နမ်းမှာလားဟင်"

ကောင်လေး – "အို . . . အခွင့်အရေးရတဲ့အခါတိုင်း လုပ်မှာ ပေါ့"

ကောင်မလေး – "ကျွန်မကိုရော ရိုက်နှက်ဦးမှာလား"

ကောင်လေး – "မင်း ရူးနေလား၊ ငါ အဲဒီလိုကောင်စားမျိုး မဟုတ်ဘူးလေ"

ကောင်မလေး – "ကျွန်မ ရှင့်ကို ယုံလို့ရမှာလား"

ကောင်လေး – "အင်း"

ကောင်မလေး – "ဒါလင်ရယ်"

လူငယ်လည်း ပျင်းလာသောကြောင့် ရှေ့ဆက်လျှောက် လာခဲ့ပြန်သည်။

ဤတွင် လင်မယားနှစ်ယောက် စကားများနေသည်ကို တွေ့ရ၏။ ထူးခြားသည်က သူတို့ ပြောသောစကားများသည် ခုနကတွေ့ခဲ့သည့် သမီးရည်းစားစုံတွဲ ပြောနေကြသော စကားများ အတိုင်း ပြောင်းပြန်ဖြစ်နေသည်ကို ကြားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမ – “ဒါလင်ရယ်”

ယောက်ျား – “အင်း”

မိန်းမ – “ကျွန်မ ရှင့်ကို ယုံလို့ရမှာလား”

ယောက်ျား – “မင်း ရူးနေလား၊ ငါ အဲဒီလိုကောင်စားမျိုး မဟုတ်ဘူးလေ”

မိန်းမ – “ကျွန်မကိုရော ရိုက်နှက်ဦးမှာလား”

ယောက်ျား – “အို... အခွင့်အရေးရတဲ့အခါတိုင်း လုပ်မှာပေါ့”

မိန်းမ – “ရှင် ကျွန်မကိုရော နမ်းမှာလားဟင်”

ယောက်ျား – “နို့ပဲ၊ ဘာကြောင့် အဲဒီလိုမေးနေရတာလဲ”

မိန်းမ – “ရှင် ကျွန်မကိုရော လှည့်စားဦးမှာလား”

ယောက်ျား – “ဒါပေါ့၊ အတိုင်းထက်အလွန်ပဲ”

မိန်းမ – “ရှင် ကျွန်မကို ချစ်လား”

ယောက်ျား – “ဟာ... အဲဒါကြီးကို မတွေးစမ်းပါနဲ့”

မိန်းမ – “ကျွန်မကို ခွဲသွားမှာလားဟင်”

ယောက်ျား – “အင်း... နောက်ဆုံးတော့ ဒီအချိန်ကို စောင့်နေရတာ ကြာပြီ”

လူငယ်လည်း သမီးရည်းစားဘဝနှင့် အိမ်ထောင်သည်ဘဝ ကွာခြားပုံကိုကြည့်ကာ ခေါင်းတညိတ်ညိတ်နှင့် ဆက်လျှောက်ခဲ့လေသည်။

❑





“ဟေ့လူ”

“ဘာလဲဗျ”

“အလုပ်ရှုပ်နေတာလား”

“ဟုတ်တယ်”

လူငယ် လှမ်းမေးလိုက်သောသူမှာ ကွန်ပျူတာသမားဖြစ်ပုံရသည်။ ကွန်ပျူတာများနှင့်လည်း အလုပ်ရှုပ်နေ၏။

“ဘာတွေ အလုပ်ရှုပ်နေတာလဲ”

ထိုကွန်ပျူတာသမားက စကားနှင့်ပြန်မဖြေဘဲ တစ်ဖက်တွင်ရှိသော ဘုတ်ပေါ်ရှိ စာသားများအား လက်ညှိုးထိုးပြလေသည်။

လူငယ်လည်း ထိုစာသားများကို ဖတ်ကြည့်လိုက်သည်။

❑

တစ်ခါတုန်းက ကောင်လေးတစ်ယောက်သည် ကွန်ပျူတာတွင် အသုံးပြုရန်အတွက် (သမီးရည်းစားဆော့ဝဲ)တစ်ခု ရလာလေ၏။ ထို (သမီးရည်းစားဆော့ဝဲ)အား ကွန်ပျူတာထဲတွင် ထည့်သွင်းအသုံးပြုခဲ့၏။

ထိုသို့အသုံးပြုခဲ့ပြီး တစ်နှစ်လောက်အကြာတွင် ၄င်း (သမီးရည်းစားဆော့ဝဲ)အား (ဇနီးမယားဆော့ဝဲ)အဖြစ် အဆင့်မြှင့်ခဲ့ပါသည်။

ဤတွင် မမျှော်လင့်ဘဲ ၄င်း(ဇနီးမယားဆော့ဝဲ)က “ကလေးမွေးခြင်းဖြစ်စဉ်”ဆိုသော ဗိုင်းရပ်စ်တစ်ခုဖြစ်ပွားခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကွန်ပျူတာရဲ့ နေရာလွတ်တွေ၊ တန်ဖိုးရှိတဲ့အရာတွေကို ဆွဲငင်နေရာယူလာပါတော့သည်။

၄င်း (ဖနီးမယား ပရိုဂရမ်ဆော့ဝဲ)သည် ကွန်ပျူတာထဲရှိအခြားဆော့ဝဲလ်လေးများကိုလည်း ထိန်းချုပ်ကွပ်ကဲပါတော့သည်။

ဥပမာအားဖြင့် (ကာရာအိုကေမှာ တစ်ညတာဆော့ဝဲ)နှင့် (ဘီယာဆိုင်မှာ တစ်ညတာဆော့ဝဲ)များဟာ လုံးဝအလုပ်မလုပ်နိုင်တော့အောင် ဖနီးမယားဆော့ဝဲက လုပ်ဆောင်ပါတော့သည်။

ထို့ကြောင့် ကောင်လေးသည် ဖနီးမယားဆော့ဝဲအားကွန်ပျူတာထဲမှ ဖျောက်ဖျက်ပစ်ဖို့ လုပ်ဆောင်ပါတော့သည်။

သို့သော် Delete (ဖျက်လို့) လုံးဝမရတော့ပါ။

ထို့ကြောင့် (ဖနီးမယားဆော့ဝဲ)ကို ယခင် (သမီးရည်းစားဆော့ဝဲ)အဖြစ် ပြန်လည်ပြောင်းလဲဖို့ ကြိုးစားသော်လည်း၊ မအောင်မြင်တော့ပါ။

(ဖနီးမယားဆော့ဝဲ)က (သမီးရည်းစားဆော့ဝဲ)အဖြစ် ပြန်ပြောင်းလဲဖို့ လက်မခံတော့ပါ။

ထို့ကြောင့် ၄င်းပြဿနာအား ကူညီနိုင်ပါက ကူညီကြပါရန် ဖြတ်သွားဖြတ်လာများအားဆိမှ အကြံဉာဏ်တောင်းခံအပ်ပါသည်။

❏





စာကိုဖတ်ပြီးနောက် လူငယ်သည် မည်သို့မျှ အကြံဉာဏ်မပေးတတ်သောကြောင့် ထိုနေရာမှ တိုးတိုးတိတ်တိတ်လေး ထွက်လာခဲ့၏။

စိတ်ထဲတွင်လည်း မတင်မကျဖြစ်နေမိသည်။ ကမ္ဘာလောကကြီးတွင် ယောကျ်ားနှင့် မိန်းမ အကြောင်းရာများသာဖြစ်ပျက်နေပြီး စိတ်ဝင်စားဖွယ်အကောင်းဆုံးမှာလည်း ယောကျ်ားနှင့်မိန်းမအကြောင်းအရာတွေပဲဖြစ်ရမည်ဟု တွေးနေမိ၏။

လက်ကို နောက်ပြန်ပိုက်ကာ လမ်းတည့်တည့်သို့ မျက်နှာမူလိုက်သည်။

ခေါင်းထဲတွင် ဘာတွေ၊ ညာတွေတွေးကာ အိမ်သို့ပြန်ရန်ဆုံးဖြတ်လိုက်သည်။

မှတ်မှတ်ရရ ထိုနေ့သည် ဗယ်လင်တိုင်းဒေး ဖြစ်နေလေသည်။

❏



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပြောင်းပြန်

www.burmeseclassic.com

www.burmeseclassic.com

(၁)

လူတစ်ယောက်သည် စတိုးဆိုင်ထဲဝင်လာ၏။ စတိုးဆိုင်ထဲရှိ အရောင်းစာရေးကလည်း ပျာပျာသလဲ နှုတ်ဆက်သည်။

''ဘာအလိုရှိပါသလဲ ခင်ဗျာ''

''နောက်ဆုံးပေါ်ရေမွှေး ရှိလား''

''အာ. . . ရှိပါတယ်၊ ဒီမှာပါ''

စတိုးဆိုင်အရောင်းဝန်ထမ်းလေးက ပုလင်းများထားရှိသော တစ် နေရာမှ ထုတ်ပြသည်။

''ပြင်သစ်ကနေ နောက်ဆုံးသွင်းတဲ့ပုလင်းလေးပါ၊ အနံ့လေးကလည်း ကောင်းပါတယ်''

လူငယ်က အနံ့ကို ရှူရှိုက်ကြည့်လိုက်သည်။

သဘောကျသွားပြီး. . .

''ဘယ်လောက်လဲ''

ဟု မေးလိုက်သည်။

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"တစ်သိန်းပါ"

လူငယ်က မျက်နှာရှုံ့မဲ့သွားပြီး . . .

"တစ်သိန်းနှစ်သောင်း မရဘူးလား"

"မရလို့ပါ၊ ဈေးတိုးလို့မရလို့ပါ"

"ထားလိုက်ပါ၊ တစ်သိန်းနှစ်သောင်းနဲ့ပဲ ဝယ်နေကျပဲဟာ"

"တကယ်မရလို့ပါ၊ တစ်သိန်းထက်ပိုပြီး မရောင်းနိုင်းလို့ပါ"

လူငယ်လည်း စိတ်ပျက်သွားပြီး . . .

"အင်း . . . ဒါဆိုလည်း ယူလိုက်မယ်လေ"

ဟု ဆိုကာ ငွေရှင်းကောင်တာပေါ်သို့ ရေမွှေးပုလင်းအား တင်လိုက်သည်။

(၂)

စတိုးဆိုင်ကအထွက်တွင် သူ့နောက်က ကောင်မလေး တစ်ယောက် လိုက်လာနေမှန်း ရိပ်မိလိုက်သည်။

နောက်ကို လှည့်ကြည့်လို့ မဖြစ်။ လှည့်ကြည့်ပါက နောက်က လိုက်လာသော ကောင်မလေးမှာ ရောင့်တက်သွားနိုင်သည်။

မသိသလိုနေမှဟုတွေးရင်း လမ်းဆက်လျှောက်လာခဲ့သည်။

"ရွှတ် . . . ရွှတ် . . ."

အနောက်က ကောင်မလေးက လှမ်းခေါ်သည်။ သူ လှည့်မကြည့်။

မနေ့ကလည်း ဒီလိုပဲ သူ့ကို လိုက်နောက်ပြောင်ခဲ့ဖူးသည်။

အခုခေတ်ကောင်မလေးတွေက ဒီလိုပဲဟု လူငယ်က မှတ်ချက်ချလိုက်သည်။

ဘတ်စ်ကားဂိတ်နားသို့ ရောက်လာသည်။ နောက်က ကောင်မလေးက ထက်ကြပ်မကွာ လိုက်လာသည်။

"ဒီနေ့ တစ်ယောက်တည်းလား"

သူက တစ်ဖက်သို့ ငေးနေလိုက်သည်။

ကောင်မလေးက သူ့ဘေးနားသို့ အတင်းတိုးကပ်လာ၏။

သူက ဒီဘက်နည်းနည်းရွှေ့လိုက်သည်။

ဘတ်စ်ကားတစ်စီး ဆိုက်လာ၏။ သူစီးရမည့် ဘတ်စ်ကား ဖြစ်နေသောကြောင့် ဝမ်းသာအားရဖြင့် ကားပေါ်သို့ပြေးတက်လိုက်သည်။ ကားပေါ်ရောက်မှ ကားဂိတ်သို့ မသိမသာ ခိုးကြည့်မိသည်။

ကောင်မလေးက ဘောင်းဘီထဲလက်နှိုက်ပြီး သူစီးသည့် ကားကို ရီဝေဝေနှင့် ကြည့်နေဆဲ ဖြစ်သည်။

သက်ပြင်းတစ်ချက်ချလိုက်ပြီး သူ ရင်ခုန်နေကြောင်း သူ့ကိုယ်သူ သတိထားမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၃)

"ဒီမှာ လာထိုင်လေ"

ထိုင်ခုံရနေသော အမျိုးသမီးတစ်ယောက်က သူ့နေရာကို ဖယ်ပေးသည်။

"ရပါတယ်၊ နေပါ၊ ထိုင်ပါ"

"လာပါ"

အတင်းထပေးတာနဲ့ ဝင်ထိုင်လိုက်သည်။

ထပေးသောအမျိုးသမီးက တစ်ချက်တစ်ချက် သူ့ကို

နိုးကြည့်၏။

သူလည်း မျက်လုံးလေး အောက်ချထားလိုက်သည်။

"ဟိုရှေ့က မောင်လေး၊ ကားခ လှမ်းလိုက်ပါဦး"

စပယ်ယာမိန်းမ၏အသံကြောင့် သူလည်း သတိရသွားပြီး ကားခကို အလျင်အမြန် ထုတ်ပေးလိုက်ရသည်။

(၄)

ညှော်ခန်းထဲဝင်ဝင်ချင်း သူ့အစ်မက ဂစ်တာတီးနေရင်းမှ လှမ်းမေးသည်။

"ဘယ်သွားနေတာလဲ"

"စဆိုးဆိုင်သွားနေတာပါ"





"အေးနော် . . . ရှုပ်ရှုပ်ယှက်ယှက် မကြားချင်ဘူး၊ အခုခေတ်က လွယ်တာမဟုတ်ဘူး"

သူ ခေါင်းညိတ်ပြလိုက်ပြီး အခန်းထဲဝင်မလိုလုပ်နေဆဲတွင် အစ်မလတ် ပြန်ရောက်လာ၏။

"ဟင်... အစ်မမျက်နှာမှာလည်း ဖူးရောင်လို့ပါလား"

"အဲဒါ နင့်ကြောင့်ပေါ့"

"ဟာ... ဘာဖြစ်လို့လဲ"

"နင့်ကိုကြောင်တဲ့ မိန်းမတွေနဲ့ ငါရန်ဖြစ်လာရတာ၊ နင်လည်း အနေအထိုင်ဆင်ခြင်၊ ကြားလား"

သူ ဘာမှပြန်မပြောနိုင်ခင် အစ်မလတ်က သူ့ရှေ့မှ ထွက်သွားပြန်၏။

ထိုစဉ် မီးဖိုခန်းထဲမှ သူ့အဖေ၏အသံကို ကြားလိုက်ရသည်။

"သားတို့ သမီးတို့ရေ အဖေ ထမင်းပြင်ပြီးသွားပြီ၊ စားကြရအောင်၊ နင်တို့အမေက ဒီနေ့ အလုပ်ကနေ နောက်ကျမယ်တဲ့"

(၅)

ဘတ်စ်ကားဂိတ်သို့ လျှောက်နေရင်း သူ့ရှေ့က တွေ့လိုက်ရသော အရိပ်ကြောင့် သူ ရင်ဖိုသွားသည်။

မနေ့က ကောင်မလေး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စကားနည်းနည်းလောက် ပြောချင်လို့ပါ"

ဘာမှပြန်မပြောဘဲ ကောင်မလေးကို ကျော်တက်ပြီး လမ်းပဲ ဖိလျှောက်နေမိသည်။ ကောင်မလေး၏ မျက်နှာမှာ စိတ်မကောင်းဖြစ်သွားပုံကိုတော့ တွေ့ဖြစ်အောင် တွေ့လိုက်မိသည်။

သူ့နောက်က ကပ်လိုက်လာသည်။

ထို့နောက် သူက လမ်းလျှောက်နေရင်းမှ ချက်ချင်းဆိုသလို ရပ်လိုက်ပြီး နောက်သို့လှည့်ကာ . . .

"ဒီမှာ"

ကောင်မလေး လန့်သွားပုံရသည်။

အိုးတိုးအမ်းတမ်းလည်း ဖြစ်သွားသည်။

"ရှင်"

"ကျွန်တော့်နောက်ကို ဆက်မလိုက်လာပါနဲ့တော့"

"ကျွန်မ . . ."

စကားပြန်မပြောခင် သူ ချာခနဲလှည့်ထွက်လိုက်သည်။

ရင်ထဲမှာတော့ စိတ်မကောင်းဖြစ်နေမိသည်။

(၆)

ကျောင်းခန်းထဲသို့ ရောက်သောအခါတွင် သူ့ခုံပေါ်၌ ပန်းလေးတစ်ပွင့် တင်ထားသည်ကို တွေ့ရသည်။

ခက်တော့ ခက်သည်။





နေ့စဉ် ဒီပန်းပြဿနာကို ရှင်းရတာလည်း တစ်ဒုက္ခဖြစ်သည်။

ပန်းကို အမှိုက်တောင်းထဲ ပစ်ထည့်လိုက်၏။

သူ့ကို နီးကြောင်နီးဂုက်ကြည့်နေသော ကောင်မလေးတစ်စုမျက်နှာပျက်သွားတာကို တွေ့လိုက်ရသည်။

မသိချင်ယောင်ဆောင်လိုက်ပြီး လွယ်အိတ်ထဲမှ စာအုပ်တချို့ကို ထုတ်လိုက်သည်။

ထိုအချိန်တွင် အခန်းထဲသို့ ဆရာမ ဝင်လာလေသည်။

အားလုံး ထနှုတ်ဆက်ကြသည်။

ပြန်ထိုင်ပြီးသောအချိန်တွင် ဆရာမက . . .

"ကဲ. . . ဒီနေ့ ဆရာမကို ဘယ်သူက ဘာအကြောင်းရှင်းပြမလဲ"

ဟု အားလုံးကိုကြည့်ပြီး မေးလိုက်သည်။

သူက လက်ညှိုးလေးထောင်ပြီး မတ်တတ်ရပ်လိုက်သည်။

"ကဲ. . . သားက ဆရာမကို ဘာရှင်းပြမှာလဲ"

"အပင်တွေ ကြီးထွားလာပုံအဆင့်ဆင့်အကြောင်းပါဆရာမ"

ဟု ပြောပြီး အပင်များ စတင်ဖြစ်ပေါ်လာပုံ၊ ရှင်သန်ပေါက်ဖွားလာပုံ၊ အပင်အမျိုးအစားများအကြောင်း စသည်တို့ကို ရှင်းပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာမက စာအုပ်တစ်အုပ်ထုတ်ပြီး လိုက်မှတ်နေလေသည်။

(၇)

ဒီနေ့ အိမ်ကို စောစောပြန်လာရမည်ဟု မှာထားသောကြောင့် ကျောင်းကအပြန်တွင် Taxi တစ်စီးကို လှမ်းတားလိုက်သည်။

"ဘယ်သွားမှာလဲ မောင်လေး"

"မြို့ထဲကိုပါ"

"2000 တော့ ပေးပါ"

"2500 ထားလိုက်ပါ"

"မရလို့ပါ၊ CNG ကားဆိုတော့ များများတောင်းလို့မရလို့ပါ မောင်လေးရယ်"

ကိုယ်က အလျင်လိုနေသောကြောင့် ဆက်မပြောတော့တဲ့ ကားပေါ်တက်ထိုင်လိုက်သည်။

အိမ်ရောက်တော့ အပျိုကြီးမတင်တင် ရောက်နေလေသည်။ ဒါကြောင့် အိမ်ကို စောစောပြန်ခိုင်းတာပဲဟု တွေးမိလိုက်ပြီး ဒေါသထွက်သွားသည်။

အပျိုကြီးမတင်တင်နဲ့ သူ့အဖေကတော့ ဧည့်ခန်းထဲတွင် စကားကောင်းနေလေသည်။





အပျိုကြီးမတင်တင်မှာ စီးပွားရေးလုပ်ငန်းများစွာရှိပြီး အိမ်ကလည်း သူနဲ့သဘောတူသလိုလို ဘာလိုလိုရှိသော အမျိုးသမီးတစ်ယောက် ဖြစ်သည်။

ထုံးစံအတိုင်း အိမ်ခန်းထဲတန်းဝင်သွားမလို့ လုပ်နေစဉ် အဖေက သူ့ကိုမြင်သွားပြီး . . .

"သား လာပါဦးကွ၊ ဒီမှာ သမီးမတင်တင် ရောက်နေတယ်"

"ခဏလေး အဖေ၊ သား ပင်ပန်းလာလို့ ရေချိုးလိုက်ဦးမယ်"

ဟု ဆိုပြီး အိပ်ခန်းထဲသို့ ပြေးဝင်သွားလိုက်ရသည်။

သူ့အဖေနှင့် မတင်တင်တို့၏ နောက်ဆုံးပြောစကားကိုတော့ ကြားဖြစ်အောင် ကြားလိုက်သေးသည်။

"သမီးက ဘယ်နေ့ မိဘတွေခေါ်လာချင်သလဲ"

(၈)

ဟိုလိုမ့် ဒီလိုမ့်နှင့် အိပ်မရသားဖြစ်နေသည်၊ အတွေးထဲတွင် ဘတ်စ်ကားဂိတ်က ကောင်မလေးကိုပဲ မြင်ယောင်နေမိသည်။

သူ ထိုကောင်မလေးကို ချစ်များချစ်နေသလား။

ဒီကြားထဲ သူနှင့် မတင်တင်တို့ကိစ္စကို တွေးမိလိုက်၍ စိတ်ညစ်သွားပြန်သည်။


www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး မျက်လုံးကိုအတင်းမှိတ်ပြီး အိပ်ပစ်လိုက်သည်။

အိပ်မက်ထဲမှာ သူနှင့် ဘတ်စ်ကားဂိတ်က ကောင်မလေးတို့ (ရုပ်ရှင်တွေထဲကအတိုင်း) ပန်းခြံထဲမှာ လျှောက်ပြေးနေလေတော့သည်။

(၉)

"ရွှတ်. . . ရွှတ်. . ."

နောက်က ခေါ်သံကြောင့် သူ့ရင်မှာ တုန်တက်သွားသည်။

သွားနေသော ခြေလှမ်းကိုလည်း အလိုလိုပစ်လျှော့ချမိလိုက်သည်။

"အသည်းလေး"

"အို"

ရှက်ခြင်း၊ ကြည်နူးခြင်း၊ နားမလည်နိုင်ခြင်း စသည်တို့ ရှုပ်ထွေးလျက် အနောက်ကို လှည့်ကြည့်လိုက်မိသည်။

လှပသောမျက်ဝန်းများဖြင့် ရီဝေကြည့်နေသော ကောင်မလေးကို တွေ့ရသည်။

"ကျွန်မ စကားနည်းနည်းလောက် ပြောချင်လို့ပါ"

"ရပါတယ်"

ပါးစပ်က အလိုလိုထွက်သွားသော စကားသံကြောင့် သူ့နားပင် သူ မယုံနိုင်အောင် ဖြစ်နေမိသည်။





(၁၀)

အလုပ်ကပြန်လာပြီး ဘောလုံးပွဲကြည့်နေသော အမေ့နားသို့ ကပ်ထိုင်လိုက်သည်။

"အမေ"

"ဟေ. . . ဘာလဲ သားရဲ့"

ဘောလုံးပွဲကြည့်နေရင်းမှ ပြန်ထူးသည်။

"မတင်တင်နဲ့ သားကို တကယ်ပဲ ပေးစားတော့မှာလား"

"သားရယ် . . . မတင်တင်က ဘာများအပြစ်အနာအဆာရှိလို့လဲ၊ ပိုက်ဆံလည်းရှိတယ်၊ မျိုးရိုးဂုဏ်လည်း ရှိပါတယ်၊ အမေတို့က သား အရွယ်ရောက်လာတဲ့အတွက် မတော်တဲ့သူနဲ့ မဖြစ်သင့်တာ မဖြစ်ရအောင် စီစဉ်တာပါ သားရယ်"

"သားမှ သူ့ကို မချစ်တာ"

"မင်းအဖေလည်း ဒီလိုပါပဲ သားရယ်၊ အစတုန်းက အိမ်ကပေးစားလို့ ဘာလို့နဲ့ အခုတော့ အဆင်ပြေနေတာပဲ မဟုတ်လား"

ပြောမရသည့်အဆုံး အမေ့နားက စိတ်ညစ်ညစ်နဲ့ ထွက်လာခဲ့လိုက်သည်။

အမေကတော့ ဘောလုံးပွဲဆက်ကြည့်နေဆဲ ဖြစ်သည်။

သူကတော့ မည်သည့်နည်းနဲ့မှ မတင်တင်ကို မယူနိုင်ဟု ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် ညှော်ခန်းထဲတွင် လှအရိပ်အခြည်ကို ကြည့်ပြီး ဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၁)

ညဘက် လူခြေတိတ်နေချိန်တွင် ဖြစ်သည်။ ခွေးများကလည်း ဟောင်နေ၏။ အခန်းထဲတွင် သူတစ်ယောက်တည်း ဟိုလျှောက် ဒီလျှောက်နှင့် ဂနာမငြိမ်ဖြစ်နေသည်။ ဓာတ်မီးရောင်တစ်ချက် မြင်လိုက်ရသည်။

သူ ဝမ်းသာသွားသည်။

ပြတင်းပေါက်က ခန်းဆီးစကို ဖွင့်ကြည့်လိုက်သည်။

ခြံအပြင်တွင် လက်ဝှေ့ယမ်းပြနေသော သူ့ချစ်သူကောင်မလေး ကို တွေ့လိုက်ရသည်။

နိုးရာလိုက်ဖို့အတွက် အသင့်ပြင်ထားသော အိတ်နှင့်ခြံတံခါးသော့ကို လှမ်းယူလိုက်သည်။

(၁၂)

"ကြာလိုက်တာ အချစ်ရယ်"

ရောက်ရောက်ချင်းပင် သူ့ကောင်မလေးက အပြစ်တင်စကား ဆိုသည်။

"အဖေနဲ့ အမေ့ကို ကန်တော့နေရလို့"

ဟု ပြောပြီး ကောင်မလေး၏ ရင်ခွင်ထဲသို့ မှီဝင်လိုက်လေသည်။

ခဏကြာသောအချိန်တွင် ကောင်မလေးက ကောင်လေး





၏ လက်ကို ဆုပ်ကိုင်ထားပြီး အမှောင်ထုထဲသို့ တရွေ့ရွေ့တိုးဝင်သွားတာကို တွေ့လိုက်ရသည်။

□



www.burmeseclassic.com

www.burmeseclassic.com

# လူမိုက်ကြီး

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ လူမိုက်ကြီးတစ်ဦးသည် တွေ့သမျှလူ ရန်စရန် အတွက် ထွက်လာခဲ့၏။

လူမိုက်တို့ထုံးစံအတိုင်း ဘုရှိုးရှိုးရန်၊ ရန်စရန်၊ မင်းက ဘာကောင်လဲကွဟု စတာတွေပြောရန်အတွက် ဖြစ်၏။

နည်းနည်းလက်ကားပြီး လမ်းလျှောက်လာသည်။ ကြွက်သားများရှိကြောင်းလည်း အနည်းငယ်လှစ်ဟပြထား၏။

''ဟော့ကောင်. . . ဘဦး''

လမ်းမှာတွေ့သော လူတစ်ဦးအား လှမ်းခေါ်လိုက်သည်၊

ထိုလူကလည်း သူ့ဆီကို အေးဆေးပင် လျှောက်လာပါ သည်။

''မင်းက ဘာဖြစ်လို့ ငါ့ရှေ့က ခေါင်းငုံ့ပြီး မလျှောက် တာလဲ''

ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ စတာတွေကို ရစ်ပါတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို့ကို အားနာလို့ပါ"

"ဘာ… ဘာကိစ္စကြောင့် မင်းက အားနာရတာလဲ"

လက်သီးနည်းနည်းကျစ်ထား၏။ ဒီကောင် ကြောက်အောင်ဆိုတဲ့ ပုံစံနဲ့ပေါ့။

"ကျွန်တော့်အချိန်တုန်းကတော့ ကျွန်တော်က ဟိုကြည့် ဒီကြည့်၊ ဟိုလူ့နှုတ်ဆက် ဒီလူ့နှုတ်ဆက်နဲ့ လမ်းလျှောက်လာတာလေ"

"အဲဒီတော့ ဘာဖြစ်လဲ"

"အစ်ကို့ရှေ့ရောက်မှ အစ်ကို့ကိုလည်း မကြည့်တော့ဘူး။ မြေကြီးကိုပဲ ကြည့်ပြီး ခြော်… ဒုက္ခတွေပါလား။ ပူပြင်းလှချေလား ဆိုတဲ့ သံဝေဂရတဲ့ ပုံစံနဲ့ ခေါင်းငုံ့သွားမယ်ဆိုရင် ဘေးက လူတွေက ဘယ်လိုထင်မလဲ"

"ဘယ်လိုထင်မှာလဲ"

"အစ်ကိုက ဒုက္ခတွေနဲ့ လူကြီး။ ပူပြင်းလှတဲ့လူကြီး သူ့ရှေ့ရောက်မှ တွေ့လား လူတွေက သူ့တောင်မကြည့်ချင် မမြင်ချင်ကြဘူးလို့ မထင်ကြဘူးလား။ ကဲ… ပြော"

"အေး… မင်းပြောတော့လည်း ဟုတ်တုတ်တုတ်ပဲ၊ မင်း တော်တယ်၊ သွားတော့"

ထိုလူလည်း သုတ်သုတ်နှင့် ထွက်သွားလေတော့သည်။





ဒီတစ်ယောက်တော့ ရှိစေတော့။ နောက်တစ်ယောက်ကို ရန်စပြီးမှ ရန်ဖြစ်တော့မယ်။

အရှေ့မှာ လူတစ်ယောက်ကို တွေ့လိုက်ရသည်။ သူ ကောင်းကောင်းမှတ်မိသည်။ သူ့နာမည်က မောင်ကောင်းဖြစ်သည်။

လူမိုက်ကြီးက မောင်ကောင်းကို ကြည့်နေလိုက်၏။ ရန်စရာ အပြစ်အနာအဆာများကို ကြည့်နေခြင်းဖြစ်သည်။

မတွေ့။ ထို့ကြောင့် ဘာပဲဖြစ်ဖြစ် ရန်စမှဖြစ်မည်ဟု သဘောထားကာ…

"မောင်ကောင်း"

ဟု လှမ်းခေါ်လိုက်သည်။

မောင်ကောင်းကလည်း သူ့ဆီရောက်လာသည်။

"မင်းနာမည်ကို ဘာဖြစ်လို့ မောင်ကောင်းလို့မှည့်ရတာလဲ"

ဒေါသနှင့် မေးလိုက်သည်။ အချိုးမပြေလို့ကတော့ ရိုက်မည်ဟု တေးထားလိုက်သည်။

လူမိုက်ကြီး၏ စိတ်ထဲမှာလည်း အဟင်း… ဟင်း… ဟု သူ့ကြောက်အောင်လည်း လုပ်ထားရသေးသည်။

"ကျွန်တော်လည်း အဲဒါ တင်းနေတာဗျ"

"ဟာကွာ၊ မင်းကလည်း ဘာဖြစ်လို့လဲ"

လူမိုက်ကြီး စိတ်ညစ်သွားသည်။

သူထင်သလို ဖြစ်မလာသောကြောင့် ဖြစ်သည်။ သူထင်



www.burmeseclassic.com

www.burmeseclassic.com



တာက အဲဒါ မင်းနဲ့ဘာဆိုင်လဲ ဖြေရင် သူက ခွပ်ခွပ်နဲ့ ရိုက်လိုက်မည်။

ဒါမှမဟုတ် "အဖေ ပေးထားတာပေါ့ဗျ" လို့ပြောရင်...

"မင်းနာမည်ကြီးကလည်း အချိုးမပြေဘူး" ဆိုပြီး ရိုက်မည် စတာတွေကို တွေးထားခြင်းဖြစ်သည်။ အခုတော့ ကာယကံရှင် ကိုယ်တိုင်က သူ့နာမည်ကို မကျေနပ်သောကြောင့် လူမိုက်ကြီးမှာ စိတ်ညစ်နေခြင်းဖြစ်သည်။

ဒါနဲ့ မောင်ကောင်းကိုကျော်ပြီး ရှေ့ဆက်လျှောက်လာခဲ့သည်။ ဟာ... ရှေ့မှာ တွေ့ပြီ။

လူတစ်ယောက်က အခြားခြံထဲရှိ အပင်ပေါ်မှ သစ်သီးကို လှမ်းခူးနေခြင်းဖြစ်သည်။

"ဟေ့ကောင်... မင်း ဘာဖြစ်လို့ သူများခြံထဲကအသီးကို ခူးရတာလဲ"

ဒါကတော့ သူ့ဘက်က တရားသဖြင့်ပြုလုပ်သည့်ရန်ပွဲဟု မာန်ဝင့်လိုက်သည်။ ထိုလူခူးနေသော အသီးမှာ မာလကာသီး ဖြစ်သည်။

"ကျွန်တော် အသီးခူးနေတာ မဟုတ်ပါဘူး"

"ဘာ... မင်းက မျက်မြင်တွေ့တာတောင်မှ ငြင်းချင်နေသေးတယ်ပေါ့၊ မင်းကွာ"





ပုဆိုးတိုတို ပြင်ဝတ်လိုက်၏။ အခုမှပဲ ရန်ပွဲဖြစ်ရတော့မည်ဟု စိတ်ကျေနပ်ကာ လက်သီးကို ပြင်ထားလိုက်သည်။

"သစ်ပင်ပေါ်လည်း ကြည့်ပါဦး"

"ငါက ဘာကိုကြည့်ရမှာလဲ"

လေသံကိုတော့ မချရေးချ မချဟုဆုံးဖြတ်ကာ သူခူးနေသော သစ်ပင်ပေါ်သို့ ကြည့်လိုက်သည်။

ဘာလဲဟ။

"ကျွန်တော့်ဘောလုံးလေး တင်သွားလို့ လှမ်းယူနေတာပါ"

ဟာကွာ။ သူ တင်းသွားသည်။ ဒါဆို သူ့ဘက်က ရန်ပွဲဖြစ်ရင် မတရားတော့ဘူးပေါ့။

ဘာပဲဖြစ်ဖြစ် ရန်ဖြစ်မှရမည်ဟု တွေးကာ...

"မင်းဘောလုံးက ဘာဖြစ်လို့တင်ရတာလဲ"

ကိုယ်က ရန်စနေတဲ့လူဆိုတော့ ခပ်တင်းတင်းပဲမေးမှ ဖြစ်မည်။

"ကျွန်တော့်အဖေက သူငယ်ပြန်နေတာဗျ"

"အဲဒါ ဘာဖြစ်လဲ"

"သူနဲ့ ဘောလုံးကစားပေးနေရင်းနဲ့ တင်သွားတာပါ"

ထိုသို့ပြောစဉ် အဘိုးကြီးတစ်ဦး ရောက်လာပြီး ဘောလုံးယူသော သူအား...



www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ကောင်... ဘောလုံးရတေးဘူးလား၊ ငါသွင်းတာ နှစ်ဂိုးရှိပြီနော်၊ မင်း ညစ်နဲ့"

"အင်းပါ အဖေရ၊ သား ဘောလုံးပြန်ယူနေလို့ပါ"

လူမိုက်ကြီးလည်း စိတ်ညစ်ပြီး ထပ်ထွက်လာခဲ့ပြန်သည်။ လူတွေက ဒီလောက်တောင်ပဲ အပြစ်ကင်းလား။

သူ တွေးရင်း တွေးရင်း လမ်းလျှောက်လာရင်း တစ်နေရာ အရောက်တွင် စာအုပ်ဖတ်နေသော လူငယ်တစ်ဦးအား တွေ့ရပြန်၏။

"ဟေ့ကောင် . . . မင်းက ဘာအလုပ်မှမလုပ်ဘဲနဲ့ ဒီစာအုပ်ကြီးပဲ ထိုင်ဖတ်နေတော့မှာလား"

လူမိုက်ဆိုတော့ ပလိန်းကြီးပဲ ဖြစ်ရတော့သည်။

ဟုတ်ဟုတ် မဟုတ်ဟုတ် မျက်နှာကြောကို တင်းထား လိုက်သည်။ အချိုးမပြေလို့ကတော့ အရိုက်ပဲ။

"အလုပ်လုပ်နေတာဗျ"

"စာဖတ်တာ အလုပ်လားကွ၊ မိဘကိုရှာကျွေးမယ် မရှိဘူး၊ မင်းတို့ကွာ"

ဟုဆိုပြီး ရှေ့တိုးကာ ရန်လုပ်ရန် ဟန်ပြင်လိုက်သည်။

"ကျွန်တော်က ကျောင်းသားဆိုတော့ ကျွန်တော့်အလုပ်က စာဖတ်ရတဲ့အလုပ်လေ"

လူမိုက်ကြီး တွန့်သွားသည်။





ဟုတ်သားပဲ၊ ကျောင်းသားဆိုတော့ စာဖတ်ရမှာပေါ့။ ဒါနဲ့...

"အေး... ကောင်းကောင်းဖတ်၊ မဟုတ်လို့ကတော့ နာမယ်"

ဟု ပြောပြီး ထွက်လာခဲ့လိုက်ရသည်။

လူမိုက်ကြီး တင်းနေသည်။ မနက်ကတည်းက အခုအထိ တစ် ယောက်နဲ့မျှ ရန်မဖြစ်ရသေးသောကြောင့် ဖြစ်သည်။

သည်တစ်ခါတွေ့ရင်တော့ မဖြစ်ဖြစ်အောင် ရန်စမည်ဟု တွေး ထားလိုက်သည်။

သူနှင့် ရွယ်တူတစ်ယောက် ရှေ့မှာ လမ်းလျှောက်လာ နေသည်။ သူ ဘာပြောပြော ရိုက်မည်ဟု ဆုံးဖြတ်ကာ...

"ဟေ့ကောင်"

ဟု လှမ်းခေါ်လိုက်သည်။

ထိုသူက ကြည့်သည်။ ဒါပေမဲ့ ပြန်မထူးချေ။

ရန်ဖြစ်ရတော့မည်ဟု တွေးကာ လူမိုက်ကြီး ပျော်သွား သည်။ ထိုလူက သူခေါ်တာကို ပြန်မှမထူးဘဲ။ နောက်တစ်ခေါက် ထပ်ခေါ်လိုက်သည်။

"ဟေ့ကောင်"

သည်တစ်ခါတော့ ဘော်လွန်းနည်းနည်းမြင့်၏။

ထိုလူကလည်း ပြန်မထူးချေ။ လူမိုက်ကြီးက ထိုလူကို


www.burmeseclassic.com

www.burmeseclassic.com

ဒီလာဦးဟု ခေါ်ပြီး "မင်း ငါခေါ်တာ ဘာကြောင့်ပြန်မထူးတာလဲ၊ မထူးဦးကွာ"

ဟု ဆိုပြီး တဗုန်းဗုန်းနှင့်ရိုက်မည်ဟု ဆုံးဖြတ်ကာ...

"ဒီကိုလာဦး"

ဟု ထိုလူကို ခေါ်သည်၊ ထိုလူကလည်း လူမိုက်ကြီးရှေ့သို့ လှမ်းလာ၏။

"မင်း ငါခေါ်တာကို ဘာကြောင့်ပြန်မထူးတာလဲ"

"အဘာ... ဘား"

"ဘာဖြစ်တာ"

"အ... အာ... အာ..."

"ဟာ... မင်းက စကားမပြောတတ်ဘူး အ,နေတာလား"

ထိုလူက ခေါင်းညိတ်ပြသည်။

လူမိုက်ကြီးမှာ အထူးပင် စိတ်မာတ်ကျသွားသည်။

သူ ရန်ဖြစ်မည်ဆိုလျှင် ဘယ်တော့မှ အဆင်မပြေဘူးဟု တွေးကာ ကိုယ့်ကိုယ်ကိုယ် သနားသွားသည်။

ဒါနဲ့ အဲသည်အေကို ပြန်လွှတ်လိုက်ရသည်။

ဤသို့ဖြင့် လူမိုက်ကြီးလည်း စိတ်ညစ်ညစ်ဖြင့် ခေါင်းငိုက်စိုက်ချကာ လမ်းလျှောက်လာခဲ့လိုက်သည်။

သူကပဲ ရန်ဖြစ်ချင်လွန်းအားကြီး၍ ရန်မဖြစ်တာလား။ ဒါမှမဟုတ်...





အားလုံးကပဲ သူ့ကို ရန်မဖြစ်ချင်ကြတာလား။

တွေးရင်း တွေးရင်းနှင့် လျှောက်လာရင်း တစ်နေရာ အရောက်တွင်...

"ဟေ့လူ"

သူ့ကို တစ်စုံတစ်ယောက်က လှမ်းခေါ်သလို ခံစားလိုက်ရသည်။ သူ လှည့်ကြည့်လိုက်သည်။ ကိုယ်ခန္ဓာထွားထွားနှင့် လူကြီးတစ်ယောက်က သူ့ကို လှမ်းခေါ်ခြင်းဖြစ်သည်။

"ဘာလဲဗျ"

"မင်းက ဘာဖြစ်လို့ ငါ့ရှေ့မှာ ခေါင်းငုံ့ပြီးလျှောက် သွားရတာလဲ၊ ဘာလဲ မင်းက ငါ့ကို လူတွေတစ်မျိုးထင်အောင် လုပ်နေတာလား"

"ကျွန်တော် ဘာလုပ်လို့လဲ"

လူမိုက်ကြီးက ကိုယ်ခန္ဓာခပ်ထွားထွားနှင့် လူကို ပြန်မေး လိုက်သည်။

"လူတွေက ငါက ဒုက္ခတွေနဲ့လူကြီး၊ ပူပြင်းတဲ့လူကြီး သူ့ရှေ့ရောက်မှ တွေ့လား၊ လူတွေက သူ့တောင်မကြည့်ချင် မမြင်ချင်ကြဘူးလို့ ထင်ကြမှာပေါ့"

"မဟုတ်ရပါဘူးဗျာ၊ မဟုတ်ရပါဘူး"

"ဘာမဟုတ်ရမှာလဲ၊ ဟုတ်တယ်ကွ၊ ကဲကွာ... ခေါင်းငုံ့ပြီး လျှောက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ သူ့ကို တဗုန်းဗုန်းနှင့် ရိုက်လေတော့သည်။

ခန္ဓာကိုယ်က မမျှ၍ လူမိုက်ကြီးမှာ ခံနေရတော့သည်။ နောက် ဆုံးတွင် သူ့ကိုယ်မှာ ဒဏ်ရာများနှင့် ကျန်ခဲ့ရတော့သည်။

''နောက်ဆို ခေါင်းငုံ့မလျှောက်နဲ့''

သူ့ကို စိတ်ကြိုက်ရိုက်နက်ပြီး ထိုခပ်ထွားထွားနှင့်လူ ထွက်သွားပြီး သူ့မှာသာ ငုတ်တုတ်ထိုင်ရင်း ကျန်နေခဲ့တော့သည်။

သူ့ဘဝသူတွေးပြီး ဝမ်းနည်းမိသွားသည်။ ဘာမျှ ပြင်ဆင်ချိန်မရစဉ်တွင် သူ့ကို အခြားလူတစ်ဦးက ဝင်ရိုက်သွား သည်။

သူ ခေါင်းငိုက်စိုက်ကျသွား၏။

ချက်ချင်းဆိုသလို ခေါင်းပြန်မတ်လိုက်သည်။

တော်ကြာ ခေါင်းငုံ့ပါတယ်ဆိုပြီး ထိုလူက လာပြန်ရိုက် မှာစိုးသောကြောင့် ဖြစ်သည်။

□



# ဟာသပွဲတော်

www.burmeseclassic.com

www.burmeseclassic.com

(၁)

တစ်ခါတုန်းက ဟာသကြိုက်သောသူများ နေထိုင်ကြသည့် မြို့ကြီးတစ်မြို့၌ ဟာသပွဲတော်တစ်ခု ကျင်းပ၏။

အနယ်နယ် အရပ်ရပ်မှ ဟာသကြိုက်သောသူများသည် ရယ်မော ပျော်ရွှင်ရန်အတွက် ထိုမြို့လေးသို့ ရောက်လာကြ၏။

မြို့ခံလူများ အခြားမြို့မှ ဟာသကြိုက်သူများ၊ ဟာသ ပွဲတော် ဘာလဲဆိုတာ သိရန်အတွက် လာကြသူများနှင့် ပွဲတော်သည် စည်စည်ကားကားရှိနေ၏။

ထိုစဉ် . . .

ဟာသပွဲတော်သို့ ဟာသမကြိုက်သောသူတစ်ဦး ရောက် လာလေသည်။

သူသည် ဟာသကို မုန်း၏။

အခု ဟာသပွဲတော်သို့ ရောက်လာခြင်းမှာလည်း ဟာသ



www.burmeseclassic.com

www.burmeseclassic.com



လုပ်သူများ၊ ဟာသပြောသူများကို လှောင်ပြောင်ရန်၊ ရှုတ်ချရန် နှင့် ပွဲတော်အတွင်း၌ အပြောင်အပြက်လုပ်ရန် ဖြစ်သည်။ သူ၏ အမည်မှာ "မောင်ငှက်ပျောဖူး"ဟူ၍ ဖြစ်သည်။

(၂)

ငှက်ပျောဖူးသည် ပွဲတော်အတွင်း၌ ခြေဦးတည့်ရာ လျှောက်သွားလေ၏။ ကြောင်ကြောင်ကျားကျားနှင့် ဟာသလုပ်နေသူများကို တွေ့လျှင် မျက်နှာကိုတည်ပြီး လက်ကြီးပိုက်ကာ "မိန့်မိန့်ကြီး"ဆိုသည့် အကြည့်ဖြင့် ကြည့်၏။

"မရယ်ရပါဘူးကွ၊ မင်းဟာကြီးကလည်း"ဆိုသည့် အိုက်တင်ဖြစ်သည်။ ဤသို့ဖြင့် တစ်နေရာတွေ့လိုက် မျက်မှောင်ကြုတ်ကာ ကြည့်လိုက်။

နှုတ်မှလည်း . . .

"ဟွန်း . . . လူတွေကလည်း ဘာမှမဟုတ်တာကို ရယ်နေတယ်"

ဟုပြောကာ တစ်နေရာပြီးတစ်နေရာ လျှောက်ကြည့်နေလေ၏။

ထိုစဉ် ပွဲတော်တစ်နေရာရောက်သောအခါတွင် စိတ်ဝင်စားဖွယ်ကောင်းသော ဆိုင်းဘုတ်တစ်ခုကို တွေ့လိုက်ရ၏။





မဖြေနိုင်ဘူး မှတ်လား

သူ စိတ်ဝင်စားသွားသည်။

ထို့ကြောင့် ရုံထဲသို့ဝင်လိုက်၏။

(၃)

သူ ရုံထဲသို့ဝင်လိုက်သောအခါတွင် လူတော်တော်များများသည် နံရံပေါ်တွင် ချိတ်ထားသော ကြီးမားသည့် စာရွက်ကြီးတစ်ရွက်အား ဖတ်နေလေ၏။

သူလည်း သူတို့နည်းတူ ကြည့်မိလိုက်သည်။

"ဟင် . . ."

စာရွက်ပေါ်တွင် မေးခွန်းအချို့ ရေးထားလေ၏။

ဤသည်ကို လူများက ဝိုင်းဝန်းကာ စဉ်းစားနေကြခြင်း ဖြစ်သည်။

ဘာမေးခွန်းတွေမို့လို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းများအောက်တွင်လည်း "မဖြေနိုင်ဘူးမှတ်လား၊ သိနေတယ်၊ သိနေတယ်"ဟု ရေးထား၏။

သူ တင်းသွားသည်။ မခံချင်စိတ်လည်း ဖြစ်သွားသည်။

ဘာတွေလဲ။

ဘာကြောင့် မဖြေနိုင်ရမှာလဲ။

ထို့ကြောင့် သူသည် သူများနည်းတူ မေးခွန်းများကို ဖတ်လိုက် ၏။

(၁) နေမကောင်းဖြစ်နေတဲ့ အဘိုးအိုတစ်ဦးသည် သူကိုယ်သူ သေခါ နီးပြီလို့ ဘယ်လိုလုပ်သိနိုင်သလဲ။

(၂) လူတစ်ယောက်က အသီးတစ်သီးကို ထမ်းသွားတယ်။ အဲဒါ ဘာသီးဖြစ်နိုင်မလဲ။

(၃) အစိမ်းရောင်လူသားကို အနက်ရောင်ပင်လယ်ထဲပစ်ချရင် ဘာဖြစ်လဲ။

(၄) စာရေးဆရာတစ်ယောက်ဟာ ဗိုက်ဆာတာနဲ့ စာရေးရင် ကောင်းမလား၊ ဗိုက်ပြည့်တာနဲ့ စာရေးရင် ကောင်းမလား။

စသည့် မေးခွန်းများဖြစ်၏။

သူ စဉ်းစားလိုက်သည်။

ထို့နောက် "မဖြေနိုင်ဘူးလား သိနေတယ်၊ သိနေတယ်" ဟူသော စာသားအား လက်ညှိုးထိုးပြီးနောက် လူအများကြား လောက်အောင် အော်မေးလိုက်၏။





"ဒါ ဘယ်သူရေးထားတာလဲ"

အားလုံးက သူ့ကို ဝိုင်းကြည့်ကြသည်။

သူ့ကို အူကြောင်ကြောင်နဲ့ ကြည့်နေခြင်းဖြစ်သည်။ သူ ထပ်မေး လိုက်သည်။

"ဒီစာသားကို ဘယ်သူရေးတာလဲလို့"

လူငယ်လေးတစ်ဦးက လက်ညှိုးထောင်လိုက်ကာ. . .

"ကျွန်တော်ရေးတာပါ"

ဟု ပြော၏။

သူသည် လူငယ်လေးကို တစ်ချက်ကြည့်လိုက်၏။ ပြီး နောက်. . .

"ဒီမှာ"

"ဟုတ်ကဲ့. . . ပြောပါ"

"ဒီမေးခွန်းတွေ ဖြေနိုင်ရင် ဒီစာသားကို ပြောင်းပေး မှာလား"

"ဖြေနိုင်ရင် ပြောင်းပေးမှာပေါ့"

"ကောင်းပြီ၊ ဒါဆို ဖြေမယ်"

ဟု ဆိုကာ ဆော့ပင်တစ်ချောင်းယူလိုက်၏။

ထို့နောက် မေးခွန်းများအောက်တွင် အဖြေများ ထပ်ဖြည့် လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၁) နေမကောင်းဖြစ်နေတဲ့ အဘိုးအိုတစ်ဦးသည် သူကိုယ်သူ သေခါ နီးပြီလို့ ဘယ်လိုလုပ်သိနိုင်သလဲ။

လူနာလာကြည့်တဲ့ သူ့သားသမီးတွေက...

"အံမယ်.. အဖေ့အသားအရေတွေက တယ်ဖိုပြည့်လာပါလား"

"အဖေ့အသက်ရှူသံတွေက ပုံမှန်ဖြစ်လာပါလား အဖေရဲ့"

"အရင်ကထက်ဖိုပြီး ကျန်းမာလာတယ်နော်၊ ဝလည်းဝလာ တယ်"

စသည့် စကားများပြောလာလျှင် အဘိုးအိုသည် သူ သေခါနီးပြီလို့ သူ့ကိုယ်သူ သိနိုင်ပါသည်။

(၂) လူတစ်ယောက်က အသီးတစ်သီးကို ထမ်းသွားတယ်။ အဲဒါ ဘာသီးဖြစ်နိုင်မလဲ။

လွယ်လွယ်လေးပါ။ သူထမ်းသွားတဲ့အသီးက "ထန်းသီး" ပေါ့။

ဒါများ...

(၃) အစိမ်းရောင်လူသားကို အနက်ရောင်ပင်လယ်ထဲပစ်ချရင် ဘာဖြစ်လဲ။

ဩော်... ရေစိုမှာပေါ့။

(၄) စာရေးဆရာတစ်ယောက်ဟာ ဗိုက်ဆာတာနဲ့ စာရေးရင် ကောင်းမလား၊ ဗိုက်ပြည့်တာနဲ့ စာရေးရင် ကောင်းမလား။





ဘယ်ဟာမှ မကောင်းဘူး။ စာရေးဆရာတစ်ယောက်ဟာ စာရွက် နဲ့ စာရေးတာပဲ ကောင်းတယ်။

အဖြေများရေးပြီးနောက် လှုငယ်နှင့် ပရိသတ်များဘက်သို့ ပြန်လှည့်လိုက်သည်။

အားလုံးက သူရေးထားသော အဖြေများကိုဖတ်ကာ ပြုံးစိစိနှင့် သူ့ကို ကြည့်နေကြ၏။

"မှန်လား"

သူက လှုငယ်အား မေးလိုက်၏။

လှုငယ်က ပြုံးဖြီးဖြီးဖြင့်...

"မှားတယ်လို့မှ ပြောလို့မရတာ"

ဟု ပြန်ဖြေ၏။

"ဒါဆို ရေးထားတဲ့ "မဖြေနိုင်ဘူးလား၊ သိနေတယ်၊ သိနေတယ်"စာသားကို ပြန်ပြောင်းပေး"

"ဟုတ်ကဲ့"

ထိုသို့ပြောပြီးနောက် မောင်ငှက်ပျောဖူးသည် ရုံထဲမှ ထွက်လာခဲ့လိုက်၏။

လှုငယ်ကလည်း သူရေးထားတဲ့စာသားကို ပြန်ပြင်ပေး သည်။

"ဖြေနိုင်ပါတယ်၊ သိပါတယ်၊ သိပါတယ်"

ဟူ၍...



www.burmeseclassic.com

www.burmeseclassic.com



(၄)

ဤသို့ဖြင့် လျှောက်လာခဲ့ရာ ပွဲတော်တစ်နေရာအရောက်တွင် လူတစ်ဦးသည် စာအုပ်များကို အော်ရောင်းနေသည်ကို တွေ့ရ၏။

"စာအုပ်တွေ၊ စာအုပ်တွေ၊ ထူးဆန်းတဲ့ စာအုပ်တွေ"

စာအုပ်ရောင်းသူသည် ရယ်စရာကောင်းအောင် ဝတ်ဆင်ထားပြီး စာအုပ်ကြည့်သူ၊ ဖတ်သူများကိုလည်း ဟာသများ လုပ်ပြနေ၏။

"ထူးဆန်းတဲ့စာအုပ်တွေ၊ ထူးဆန်းတဲ့စာအုပ်တွေ"

ငှက်ပျောဖူးလည်း မနေနိုင်တော့ဘဲ . . .

"ဟေ့လူ"

ဟု ခေါ်လိုက်လေ၏။

"ဗျာ . . . ခင်ဗျာ၊ ဗျာ . . . ဗျ"

"ဘာတွေလဲ"

"စာအုပ်တွေပါ၊ ထူးဆန်းတဲ့စာအုပ်တွေပါ"

"ဘယ်လိုထူးဆန်းတာလဲ"

"ကျွန်တော့်စာအုပ်တစ်အုပ်ဝယ်ရင် ဒီစာအုပ်က သင့်အလုပ်တွေကို တစ်ဝက်ကူညီလိမ့်မယ်"

သူ တွေဝေသွား၏။

"ဟုတ်လို့လား"





"ဟုတ်ပါတယ် ခင်ဗျ"

သူ အနည်းငယ်စဉ်းစားလိုက်သည်။ ထို့နောက် . . .

"အေးဗျာ . . . ဒါဆိုလည်း နှစ်အုပ်ပေး"

"ဗျာ"

"နှစ်အုပ်ပေးလို့၊ တစ်အုပ်ဝယ်ရင် အလုပ်တစ်ဝက်လုပ်ပေးတယ် မှတ်လား၊ ဒါကြောင့် နှစ်အုပ်ပေးလို့"

"ဟုတ်၊ ဟုတ်ကဲ့"

စာအုပ်ရောင်းတဲ့လူလည်း သူ့ကို စာအုပ်နှစ်အုပ်ထုတ်ပေး၏။

ငှက်ပျောဖူးလည်း စာအုပ်နှစ်အုပ်ကို ချိုင်းကြားညှပ်ကာ "ငါ အလုပ်မလုပ်ရတော့ဘူး၊ ငါ့အလုပ်တွေကို စာအုပ်က လုပ်လိမ့်မယ်၊ အဟိ" စသည်ဖြင့် ဘာညာသာရကာများတွေးကာ လမ်းဆက်လျှောက် နေလိုက်တော့၏။

ဤတွင် သူ၏နာမည်ခေါ်သံကို ကြားလိုက်ရသည်။

"ငှက်ပျောဖူး၊ ငှက်ပျောဖူး"

ဘယ်သူများ ခေါ်တာပါလိမ့်။

သူ လှည့်ကြည့်လိုက်သည်။

လူကြီးနှစ်ဦးသည် သူ့ကိုမကြည့်ဘဲ သူ့နာမည်ခေါ်နေသည်ကို တွေ့လိုက်ရ၏။

"ငှက်ပျောဖူး၊ ငှက်ပျောဖူး"



www.burmeseclassic.com

www.burmeseclassic.com

သူလည်း မနေနိုင်တော့တဲ ထိုလူကြီးနှစ်ဦးဆီသို့ လျှောက်သွားလိုက်ကာ . . .

"ဗျာ . . . ဗျ"

ဟု ထူးလိုက်လေ၏။

ထိုလူကြီးနှစ်ဦးမှာ သူ့ကို အူကြောင်ကြောင်နှင့် ပြန်ကြည့်နေ၏။

"ဘာဖြစ်လို့လဲဟင်"

လူကြီးတစ်ယောက်က သူ့ကို မေးသည်။

သူကလည်း . . .

"ကျွန်တော့်နာမည်ကို လှမ်းခေါ်နေလို့ လာထူးတာပါ"

"ဟင် . . . ငါတို့က မင်းနာမည်ကို ခေါ်တယ်"

"မခေါ်ပါဘူး"

"ခေါ်ပါတယ်"

"ခေါ်ပါဘူး"

သူလည်း တွေးတွေးဆဆဖြစ်သွားသလို လူကြီးနှစ်ယောက်မှာလည်း ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်သွားသည်။

"နေပါဦး၊ မင်းနာမည်က ဘယ်သူတုံး"

"ငှက်ပျောဖူး"

"ဩော် . . . နာမည်တော့ ပြောရမှာပေါ့၊ အဲဒါမှ ငါတို့ ခေါ်မိ လား ဘာလား သိရမှာပေါ့"





"ငှက်ပျောဖူးပါဆိုနေ"

"ပြောရမယ်လေကွာ၊ ပြောမှ သိမှာပေါ့"

"ငှက်ပျောဖူး"

"ပြောပါကွာ"

"ငှက်ပျောဖူး"

ထိုလူကြီးနှစ်ဦးမှာ သူတို့ခေါင်းတွေကို တဗျင်းဗျင်း ကုတ်နေ၏။

သူလည်း သူတို့ပြောနေသည့် စကားထဲတွင် တစ်ခုခု မှားနေသလားဟု စဉ်းစားနေမိသည်။

"အေး . . . မပြောလည်း နေကွာ၊ ငါတို့ မင်းနာမည်ကို မခေါ်မိတာ သေချာကယ် ကောင်လေး"

ထို့နောက် သူ့အဖော်ဘက်လှည့်ကာ . . .

"ဟေ့ကောင်၊ သူက သူ့နာမည် "မပြောဘူး"တဲ့၊ လာ . . . ငါတို့ဘာသာ ငါတို့ ဆက်ငြင်းရအောင်"

ဟုဆိုကာ သူတို့ရဲ့စကားများကို ဆက်ငြင်းနေ၏။ "ငှက်ပျောဖူး၊ ငှက်ပျောဖူး"ဟူ၍ . . .

သူလည်း စိတ်ရှုပ်ရှုပ်နှင့် ထွက်ခဲ့လေ၏။

ထိုလူကြီးနှစ်ယောက်ကိုလည်း တင်းသွားသောကြောင့် . .

"မခေါ်လည်းနေ၊ မပြောလည်းနေ၊ ငါ့နာမည်က ငှက်ပျောဖူး၊ ငှက်ပျောဖူး၊ ဘာမှတ်နေလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်ထဲမှပြောလိုက်ပြီး လက်တစ်ဖက်ကို နည်းနည်းကား၊ ကျန်လက်ဖြင့် စာအုပ်ကိုညှပ်ကာ "ငါ့လောက်တော်တဲ့လူကမ္ဘာမှာမရှိ" ဟူသော စတိုင်ဖြင့် ဆက်လျှောက်သွားလေ၏။

ထိုစဉ် ပွဲတော်အတွင်းရှိ ဆိုင်လေးတစ်ဆိုင်၌ သတိပေးစာတန်းတစ်ခု ကပ်ထားသည်ကို တွေ့လိုက်ရ၏။

**အပြင်လူ မဝင်ရ**

(၅)

သူ စိတ်ဝင်စားသွားပြီး စာတန်းအနီးသို့ တိုးကပ်သွားလိုက်သည်။

အပြင်လူ မဝင်ရတဲ့။

ဘာလဲဟ။

စာတန်းကပ်ထားသည့်အထဲသို့ လှမ်းကြည့်လိုက်သည်။ လူအများ ရှိနေသည်ကို တွေ့ရ၏။

သူကြည့်နေစဉ်မှာပင် အထဲက လူတစ်ယောက်ထွက်လာ၏။ သူ ခဏစောင့်ကြည့်နေလိုက်သည်။





တစ်ယောက်စ၊ နှစ်ယောက်စ ထွက်သွားပြန်၏။ တစ်ယောက်မှ ဝင်လာတာကို မတွေ့ရ။

ငှက်ပျောဖူးသည် ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။

ထို့ကြောင့် အနီးအနားတွင် ရေးစရာတစ်ခုရှာကာ စာတန်းအား ပြင်ရေးလိုက်၏။

**အပြင်လူ မဝင်ရ၊ အတွင်းလူတော့ ထွက်လို့ရသည်**

ထိုသို့ရေးပြီးနောက် နောက်ဖေးပေါက်မှနေ၍ ထိုဆိုင်ထဲသို့ ဝင်လိုက်၏။ လူအများက သူ့ကို ဝိုင်းကြည့်ကြသည်။

သူ ဂရုမစိုက်။ သူ့ကို ကြည့်နေသူများကို ခပ်တည်တည်ဖြင့် ရယ်ပြကာ အထဲ(အတွင်း)မှ အပြင်သို့ပြန်ထွက်လိုက်၏။

(၆)

ငှက်ပျောဖူးသည် သွားရင်းလာရင်း ဗိုက်ဆာလာသည်။

ထို့ကြောင့် နီးစပ်ရာဆိုင်တစ်ဆိုင်သို့ ဝင်လိုက်၏။

"ဘာမှာမလဲ အစ်ကို"

"ဘာရှိလဲ"

"အကုန်ရပါတယ် အစ်ကို"

"ဟုုး"



www.burmeseclassic.com

www.burmeseclassic.com



သူ လေပူတစ်ချက်မှုတ်ထုတ်လိုက်သည်။

ဆိုင်ထိုင်လျှင် သူ အစားအသောက်မမှာတတ်။

အကုန်လုံးရပါတယ်ဆိုလျှင် ပို၍မှာရခက်နေသည်။

"ခဏလေး၊ စဉ်းစားလိုက်ဦးမယ်"

"ရပါတယ် အစ်ကို မိန္နးလည်း ကြည့်ပါ၊ စဉ်းစားလို့ရပြီဆိုရင် ကျွန်တော့်ကို ခေါ်လိုက်ပါ"

"အေး၊ အေး"

စားပွဲထိုးကောင်လေး ထွက်သွား၏။

သူ မီနူးကိုမကြည့်ဘဲနေလိုက်သည်။ တစ်ခါတစ်ခါ မီနူးတွင် ရေးထားသော စာများသည် သူနားမလည်နိုင်သော စကားလုံးများဖြစ်နေတတ်သည်။

ထို့ကြောင့် တခြားဝိုင်းမှလူများ ဘာစားနေသလဲဆိုတာကို သိရှိရန်အတွက် လှည့်ပတ်ကြည့်လိုက်၏။

သူ့အနားမှ ဝိုင်းတွင် ဦးလေးကြီးတစ်ဦးနှင့် ကောင်မလေး ခပ်ကဲကဲ ခပ်ငယ်ငယ်တစ်ဦးတို့ ထိုင်နေကြ၏။

အတွဲဖြစ်ပုံရသည်။ အီနေပုံလည်း ရသည်။

"တို့အသည်းလေးက ဘာစားမှာတုံး"

ဦးလေးကြီးက ကောင်မလေးကို "မင်းသားဝင်းဦး အိုက်တင်"ဖြင့် စကားစပြော၏။





ကောင်မလေးကလည်း မျက်လုံးလေးကလယ်ကလယ် လုပ် မေးကို လက်နှင့်ထောက်ပြီး. . .

"ဟင် . . . အစ်ကိုကြီးကလည်း တို့အသည်းလေး၊ တို့အသည်းလေးနဲ့ မခေါ်ပါနဲ့ဆို"

"ဘာဖြစ်လို့လဲ"

"အသည်းယားလို့"

"ဟင် . . ."

ငှက်ပျောဖူးလည်း စိတ်ပျက်သွားပြီး နောက်တစ်ဝိုင်းဘက် ကြည့်လိုက်သည်။

အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ထိုင်နေသည့်ဝိုင်း ဖြစ်သည်။

အပျိုကြီး လူပျိုကြီးများ ဖြစ်ပုံရသည်။ တစ်ယောက်နှင့်တစ်ယောက် ရှက်ကိုးရှက်ကန်းလည်း ဖြစ်နေကြ၏။

စကားကိုလည်း လိုအပ်သည်ထက်ပိုပြီး ချွဲချွဲပျစ်ပျစ် ပြောနေကြ၏။

"တူက ဘာစားမှာလဲ"

အပျိုကြီးက စမေးသည်။

"တူ့သဘောပဲလေ"

လူပျိုကြီးက မျက်လုံးလေး ထောင့်ကပ်ပြီး ပြန်ဖြေ၏။

"တူပြောကြည့်ပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဟာကွာ... တူပြောပါဆိုနေ"

"တူနော်၊ စိတ်ဆိုးလာပြီ၊ ဂယ်ပဲ"

ဤပုံစံအတိုင်းဆိုလျှင် စားပွဲဝိုင်းတိုင်းသည် အစားအသောက် မှာရန်အတွက် အခုမှ ညှိနှိုင်းနေကြပုံရသည်။

သို့သော် မှာပြီးသားဝိုင်းတစ်ဝိုင်းကို တွေ့လိုက်ရ၏။

ချစ်သူနှစ်ဦး ထိုင်နေသော ဝိုင်းပင်ဖြစ်၏။

သူတို့ ဘာစားနေကြလဲဟု နားစွင့်လိုက်သည်။

ကောင်လေးက ကောင်မလေးကို ခွံ့ကျွေးနေ၏။

"ရော့... စား၊ တို့ခွံ့ကျွေးမယ်"

"ဟင်... ဒီရှည်မျောမျောကြီးက ဘာကြီးလဲ"

"ဟင့်အင်း... တို့လည်း မသိဘူး၊ သူတို့က ကောင်းတယ်ပြောလို့၊ ဘာတဲ့ သူတို့ပြောတာ ဒီဟင်းနာမည်တောင် မေ့နေပြီ၊ သြော်... သိပြီ"

"ဘာတဲ့လဲ"

"ရှည်ရှည်မျောမျော၊ ရှောရှောရှူရှူ၊ တို့ကိုချစ်ရင် ခွံ့ကျွေးပါသူ တဲ့"

"အလဲ့"

ကောင်မလေးမှာ ပြုံးစိစိဖြစ်သွား၏။ သဘောလည်းကျသွားပုံရ၏။





ထို့နောက် ကောင်မလေးက ရှည်ရှည်မျောမျောကြီးကို စားလိုက်၏။

"အဟိ"

သူလည်း ဒီဘက်ပြန်လှည့်လိုက်သည်။

သူပြောတဲ့ ရှည်ရှည်မျောမျောဟင်းကြီးတော့ မစားချင်။ မစားရေးချ မစားဟု ဆုံးဖြတ်လိုက်သည်။

ဤတွင် ဖြူဖပ်ဖြူရော်ဖြစ်နေသော ကောင်မလေးတစ်ယောက်အား တွေ့လိုက်ရ၏။

သူမမှာ နေမကောင်းသည့်ပုံစံဖြစ်နေသော်လည်း သူမ၏ ချစ်စရာကောင်းသော မျက်ဝန်းနှင့် ပန်းနုရောင်ပါးလေးတို့မှာ အရောင်လွင့်ပါးခြင်း မရှိဘဲ ရှင်းလင်းပြတ်သားနေ၏။

သူမက စားပွဲထိုးလေးအား တစ်စုံတစ်ခုမှာနေ၏။

သူလည်း ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိလိုက်သည်။

(၇)

"ပန်းဖူးကြော် ရှိလား"

ဟု ဖြူရော်ရော်ကောင်မလေးက မေးလိုက်သည်။

စားပွဲထိုးလေးက...

"မရှိပါဘူး ခင်ဗျာ"


www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ပြောင်းဖူးကြော်ရော"

"ကုန်နေပါတယ်"

"မာလာဖူး"

"မရှိသေးပါဘူး"

ဖြူရော်ရော်ကောင်မလေးမှာ စိတ်ညစ်သွားပုံရပြီး ဘာစား ရမလဲဟု စဉ်းစားနေပုံရသည်။

ထို့နောက် နှုတ်မှလည်း ခပ်ညည်းညည်းဆို၏။

"အင်း . . . ဆရာဝန် ပြောထားတဲ့ အစားအစာတွေ ကလည်း တစ်ခုမှမရှိဘူးတဲ့၊ စဉ်းစားပါဦး၊ ဘာကျန်သေးလဲလို့"

စားပွဲထိုးလေးလည်း စိတ်ရှည်လက်ရှည် စောင့်ပေး၏။

ခဏကြာသောအခါတွင် သတိရသွားသောပုံစံဖြင့် . . .

"အဲ . . . ငှက်ပျောဖူး ကျန်သေးတာပဲ"

"ဟင်"

ဒီ "ဟင်"က သူ့ဆီမှ ထွက်သွားခြင်းဖြစ်သည်။

စားပွဲထိုးလေးကို သူကြည့်လိုက်၏။

စားပွဲထိုးလေးက ခေါင်းခါပြသည်။ မရှိဘူးဆိုသည့် သဘော။

ကောင်မလေးက . . .

"ဒါဆိုလည်း ရေတစ်ခွက်လောက် အရင်ပေးပါ"





ငှက်ပျောဖူးလည်း ကောင်မလေးကို ကြည့်ကောင်း ကောင်းနှင့် ကြည့်နေလိုက်သည်။

ထိုဖြူရော်ရော်ကောင်မလေးသည် ရေကို စိမ်ပြေနပြေ သောက်ကာ တစ်ခုခုကို တွေးနေလေ၏။

ငှက်ပျောဖူးသည် သူထိုင်နေသည့်ခုံမှ ထလိုက်၏။

ထို့နောက် ဖြူရော်ရော်ကောင်မလေးဆီသို့ လျှောက်သွား လိုက်သည်။

"ငှက်ပျောဖူး လိုချင်လို့ဆို"

ကောင်မလေးက သူ့ကိုမော့ကြည့်ပြီး . . .

"အင်း"

ဟု ဆို၏။

"ကျွန်တော့်နာမည် ငှက်ပျောဖူးပါ"

"ရှင်"

ဖြူရော်ရော်ကောင်မလေး၏ နှုတ်ခမ်းများ ပိုင်းသွား၏။

ဤသို့ဖြင့် ငှက်ပျောဖူးနှင့် ထိုကောင်မလေးတို့သည် ခင်မင်သွားကြကာ တစ်ယောက်အကြောင်း တစ်ယောက် ပြောနေ မိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



(၈)

"နင့်နာမည် ဘယ်လိုခေါ်လဲ"

"မဲဇလီဖူး"

"ဘာ"

"မဲဇလီဖူးလို့ ခေါ်ပါတယ်"

ငှက်ပျောဖူးက မဲဇလီဖူးကို မသက်ာသလိုကြည့်၏။

နောက်နေတာလားပေါ့။ တကယ်အတည်ပြောနေတာဟု ခံစားရတော့မှ နောက်မေးခွန်းတစ်ခု ထပ်မေးလိုက်သည်။

"နင်က ဘယ်မှာနေတာလဲ"

"ဇလီဖားတုံးတွေလုပ်တဲ့မြို့မှာ နေတယ်"

"ဟင်"

"အဖေနဲ့ အမေရော"

"သူတို့လည်း မယ်ဇလီဖူးတက်ခူးရင်းနဲ့ ဇလီဖားတုံးပိပြီး သေသွားကြပြီ"

"အို..."

ငှက်ပျောဖူးမှာ မဲဇလီဖူးကို သေချာစွာကြည့်မိသည်။

ကောင်မလေး ရူးများ ရူးနေလားပေါ့။

ဒါကတော့ မသေချာ။ ကောင်မလေးပုံစံမှာ ထိုသို့သောပုံစံ မဟုတ်။





ထို့ကြောင့် အခြားအရာများ မမေးတော့ဘဲ ဒီပွဲတော်ကို ဘာကြောင့်ရောက်လာသလဲဟု မေးလိုက်၏။

"ဒီပွဲတော်ကို ဘာကြောင့်ရောက်လာတာလဲ၊ အလည် သက်သက်ပဲလား"

"ဟင့်အင်း"

"ဒါဆို လာလေ့လာတာလား"

"မဟုတ်ဘူး"

"အင်း... ဒါဆို ပျော်ဖို့ရွှင်ဖို့ပေါ့"

"မဟုတ်"

သူ စိတ်ညစ်ပြီး ခေါင်းကုတ်နေမိ၏။

"ဒါဆို ဘာကိစ္စလဲ"

"ဆေးလာကုတာ"

"ဟင်"

မထင်ထားသောစကားဖြစ်သည်။ "ဟာသပွဲတော်"လာပြီး ဆေးလာကုသည်တဲ့။

သူ တစ်ခါမှ မကြားဖူး။ ထို့ကြောင့်...

"ဘယ်လိုဆေးလာကုတာလဲ"

မဲဇလီဖူးက ငှက်ပျောဖူးကိုကြည့်လိုက်၏။ ထို့နောက်...

"အခု ဒီဟာသပွဲတော်မှာ ဆေးခန်းတစ်ခုဖွင့်ထားတယ်"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"အင်း.. ဟုတ်တယ်၊ နာမည်က "ဟာသဆေးခန်း"တဲ့ အဲဒီမှာ လာကုတာ"

"ဆရာဝန်တွေက တော်ကြလို့လား"

"မဟုတ်ဘူး"

"ဒါဆို ဆေးတွေကကောင်းလို့ပေါ့"

"ဟင့်အင်း. . . တစ်ခုမှမဟုတ်ဘူး"

"ဒါဆို ဘာဖြစ်လို့လဲ"

မဲဇလီဖူးက ခပ်ပါးပါးလေး ပြုံးလိုက်ပြီး . . .

"သူတို့တွေက ရောဂါကို ဟာသနဲ့ ကုကြလို့လေ"

"ဟင် . . . ဟုတ်လား"

"ဟုတ်တယ်"

"ရယ်မောခြင်းဆိုတဲ့ဟာနဲ့ သူတို့က ရောဂါကုကြတယ်၊ အဲဒါကြောင့် ဒီကိုလာတာ"

"ဩော် . . ."

သူ မကြားဖူးသော ဆေးကုနည်းဖြစ်၍ တော်တော်လေး စိတ်ဝင်စားသွားသည်။

ထို့ကြောင့် . . .

"ကျွန်တော်ရော လိုက်ခဲ့လို့ရမလား"

"ရပါတယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"





"ရှင် အကြောင်းမရှိ အကြောင်းရှာပြီး ရယ်နေရလိမ့်မယ်"

"အို . . ."

(၉)

ဟာသဆေးခန်းထဲသို့ ရောက်သောအခါတွင် လူတစ်စု (လူနာတွေ ဖြစ်ပုံရသည်)သည် ကြမ်းပြင်ပေါ်တွင်ထိုင်ကာ အချင်းချင်းကြည့်ပြီး ရယ်နေ၏။

"ဟား . . . ဟား . . . ဟား . . . ရယ်ရတယ် . . . သိပ်ရယ်ရတယ်၊ ဟား . . . ဟား . . ."

ငှက်ပျောဖူး အူကြောင်ကြောင်ဖြစ်သွားသည်။

ဘာတွေလဲဟ။ အချင်းချင်းကြည့်ပြီး ရယ်နေကြတာ။

သို့သော် သူတို့ပုံစံတွေမှာ ရယ်မောခြင်းနဲ့ ပျော်ဝင်နေပုံရသည်။

နောက်တစ်ခု သေချာတာက သူတို့သည် ဟက်ဟက် ပက်ပက် ရယ်မောနေကြခြင်း ဖြစ်သည်။

မဲဇလီဖူးက သူတို့အဖွဲ့နှင့်ရောထိုင်ကာ သူတို့နှင့်အတူ လိုက်ရယ်နေတော့၏။

သူမှာသာ မတ်တတ်ရပ်ကျန်ခဲ့သည်။

သူ ဘာလုပ်ရမလဲ။

ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

လူနာများက ဟိုတစ်စု ဒီတစ်စု ထိုင်နေသည်ကို တွေ့ရ၏။

အဖွဲ့တစ်ဖွဲ့တွင် လူတစ်ဦး (ဆရာဝန်တစ်ဦး ဖြစ်ပုံရသည်)ရှိကာ ဘယ်သို့ဘယ်ပုံလုပ်ရမည်ဟု ညွှန်ကြားနေ၏။

ပြီး သူလည်းပဲ ထိုင်ရယ်နေသည်။

သူ မဲဇလီဖူးတို့အဖွဲ့နဲ့ပဲ ထိုင်ရယ်လိုက်ရတော့မလား။

သူ့စိတ်တွေ တင်းကျပ်နေသည်။

ဘယ်သူကမှလည်း သူ့ကို "ဩော် . . . ရယ်ဖို့လာတာလား"၊ "လာလေ"၊ "ဘာဖြစ်တာလဲ" စသည်ဖြင့် လာမေးမြန်းခြင်းမရှိ။

သိမ်ငယ်သလို ခံစားလာရသည်။

"ဟား . . . ဟား . . . ဟား . . . ဟား . . ."

"ဟား . . . ဟား . . . ဟား . . ."

"ဟား . . . ဟား . . ."

လူတွေ ရယ်မောနေကြသည်။

ထိုစဉ် သူ၏အကြည့်များသည် အဖွဲ့တစ်ဖွဲ့ဆီသို့ ရောက်သွား၏။ ထိုအဖွဲ့သည် အားလုံးဝိုင်းထိုင်နေကြပြီး ထိုအထဲမှ တစ်ယောက်ချင်းစီ ထက၏။

ထိုကတဲ့သူ ကိုးရိုးကားယားဖြစ်တာကို ဝိုင်းရယ်ကြ၏။





ကတဲ့လူကလည်း ပွင့်ပွင့်လင်းလင်း၊ ရှက်ကြောက်ခြင်းမရှိဘဲ က၏။

ရယ်တဲ့လူကလည်း ရယ်၏။

သူ စိတ်ဝင်စားသွားသည်။

သူက ကတာတော့ ဝါသနာပါ၏။

ထို့ကြောင့် ထိုအဖွဲ့ဆီသို့ လျှောက်သွားကာ . . .

"ကျွန်တော်လည်း ကချင်တယ်"

သူတို့အားလုံးက သူ့ကို ဝိုင်းကြည့်သည်။

ထို့နောက် သူတို့ထဲမှ တစ်ယောက်က . . .

"ကတတ်ရင်တော့ ပါလို့မရဘူးနော်"

"ဟင် . . . ဘာဖြစ်လို့လဲ"

"ငါတို့က ရယ်ချင်တာလေ၊ မင်းက တကယ်ကနေရင် ဘယ်ရယ်ဖို့ကောင်းတော့မလဲ၊ ပြီးတော့ . . ."

"ဟုတ်ကဲ့ . . . ပြောပါ"

"လောကမှာ ရယ်ရတယ်ဆိုတာ သူများတွေ ပေါက်ကရလုပ်တာကိုကြည့်ပြီး ရယ်ရတာက အကောင်းဆုံးလို့ ငါတို့ထင်တဲ့ အတွက် တစ်ယောက်ချင်းစီ ပေါက်ကရလုပ်နေတာပါ"

"အို . . ."

ထိုစကားကို သူ ကြိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ပေါက်ကရလုပ်တာကို လူတွေက ရယ်မောနေတဲ့ ခံစား ချက်နဲ့ အခြားလူတွေ ပေါက်ကရလုပ်တာကို သူက ရယ်မောတဲ့ခံစားချက် တို့၏ ကွာခြားချက်ကို သူသိချင်လာသည်။

ထို့ကြောင့် ထိုအဖွဲ့ထဲတွင် ဝင်ထိုင်လိုက်၏။

သူက ကတေ၏။

အခြားလူများက ရယ်၏။

အခြားလူများက ကတေ၏။

သူ ရယ်နေလိုက်၏။

လွတ်လပ်သလို ခံစားနေရသည်။ ပျော်လာ၏။

ဟာသပွဲတော်ကို ဝင်လာတုန်းကလို ''လူတွေကို ရှုတင်း တင်း''နဲ့ ကြည့်ချင်စိတ်မရှိတော့။

''သူတို့က ဘာကောင်တွေလဲ''

''ငါ့လောက်တောင် မတော်ဘဲနဲ့''

ထိုစိတ်တွေ သူ့မှာ မရှိတော့ဟု ထင်မိသည်။

သူ ရယ်နေ၏။

သူ ပျော်နေ၏။

သူ မဲဇလီဖူးကို လှမ်းကြည့်လိုက်သည်။

မဲဇလီဖူးက သူ့ကိုကြည့်ပြီး ရယ်နေသည်။

သူကလည်း မဲဇလီဖူးကိုကြည့်ပြီး ပြန်ရယ်လိုက်၏။





(၁၀)

ဟာသပွဲတော်က အပြန်တွင် ၄က်ပျော့မှုသည် ရယ်တတ် လာခဲ့၏။ သူက လူတွေကိုကြည့်ပြီး ရယ်သလို လူတွေကလည်း သူ့ကိုကြည့်ပြီး ရယ်ကြသည်။

တစ်ခါတစ်ခါကျတော့လည်း သူတို့ကသာ ရယ်မယ်၊ သူတို့ကို ပြန်မရယ်နဲ့ဆိုသည့် လူများလည်း တွေ့ရတတ်ပါသည်။

ထိုသို့သောသူများကို သူက နာမည်ပေးထားသည်။

''တစ်ဖက်ပြုံး''

ဟူ၍။

□



www.burmeseclassic.com

www.burmeseclassic.com

အိုင်ဒီယာ

www.burmeseclassic.com

www.burmeseclassic.com

(၁)

တစ်နေ့ စာရေးဆရာတစ်ယောက်ထံသို့ ထုတ်ဝေသူတစ်ဦး ရောက်ရှိလာသည်။

''စာရေးဆရာ ဝတ္ထုတိုလေးတောင်းထားတာ မေ့နေပြီလား''

''ဟာဗျာ. . . စိတ်မရှိပါနဲ့၊ ကျွန်တော် မအားလို့ပါ''

စာရေးဆရာက အားနာသည့်ပုံစံဖြင့် ပြန်ပြောသည်။

သို့သော် ထုတ်ဝေသူက ဘယ်လိုမှ ပြောလို့မရပါ။

''ဖောင်ပိတ်တော့မယ်ဗျ၊ အခု အားတယ်မှတ်လား၊ ရေးပေးလေဗျာ''

''အခု ရေးပေးရမယ်၊ ဟုတ်လား''

''ဟုတ်တယ်၊ ထိုင်စောင့်ယူသွားမှာ''

ထုတ်ဝေသူကလည်း စာရေးဆရာအကြောင်းသိလို့ ထင်သည်။

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဝရန်တာရှိ ထိုင်နေကျခုံတွင် ကျကျနနကြီး ဝင်ထိုင်နေလေသည်။

ဤသို့ဖြင့် စာရေးဆရာကလည်း မဖြစ်မနေရေးပေးရန်အတွက် အားထုတ်ရပြန်သည်။

(၂)

"ဒီလိုလုပ်ဗျာ"

"ဘယ်လိုလုပ်ရမှာလဲ"

ထုတ်ဝေသူက စိတ်ဝင်တစားနဲ့ ပြန်မေးသည်။

"ဒီဝတ္ထုတိုလေးကို ခင်ဗျားကိုယ်တိုင် ရေးသွားမလား"

ထုတ်ဝေသူ ကြောင်သွားပုံရသည်။

ထို့နောက် ခေါင်းကုတ်ပြီး . . .

"ဟာ . . . ကျွန်တော်က ဘယ်လိုရေးတတ်မှာလဲ"

"မဟုတ်ဘူးဗျ၊ ဒီလို၊ ဒီလို"

ထုတ်ဝေသူက ကိုယ်ကို ရှေ့သို့ကိုင်းလိုက်ပြီး စာရေးဆရာစကားကို နားထောင်လိုက်သည်။

(၃)

"အရှေ့က တိုက်ခန်းကို တွေ့လား"

သူတို့ထိုင်နေသည့် ဝရန်တာအရှေ့ရှိ တိုက်ခန်းကို စာရေးဆရာက ညွှန်ပြသည်။





"အင်း . . . တွေ့တယ်"

"ခဏနေရင် ကောင်မလေးတစ်ယောက် ဝရန်တာကနေ ထွက်ကြည့်လိမ့်မယ်"

"ဘာ . . . ဘာကိုထွက်ကြည့်မှာလဲဗျ"

ထုတ်ဝေသူကလည်း စာရေးဆရာကို ကြည့်လိုက်၊ တစ်ဖက်တိုက်ခန်းကို ကြည့်လိုက်နှင့် ဖြစ်နေသည်။

"ဟိုးမှာ ရပ်နေတဲ့ ကောင်လေးကို တွေ့လား"

စာရေးဆရာက တိုက်ခန်းအောက်ဘက် ခပ်လှမ်းလှမ်းကို ညွှန်ပြ ပြန်သည်။

"တွေ့တယ်၊ တွေ့တယ်"

"အဲဒီတိုက်ခန်းမှာနေတဲ့ ကောင်မလေးက သူချစ်သူဖြစ်တဲ့ အဲဒီကောင်လေးကို ထွက်ကြည့်တာဗျ"

"ဪ . . . ဟုတ်လား၊ အဲဒီတော့ . . ."

စာရေးဆရာက ထိုင်ခုံကို နည်းနည်းဆွဲလိုက်သည်။

"ဒီလိုဗျ"

"အင်း"

"အဲဒီကောင်မလေးမှာ ချစ်သူရှိတယ်"

"ဟုတ်ပြီ"

"ဒါပေမဲ့ ကောင်မလေးအိမ်က သူတို့နှစ်ယောက်ကို သဘောမတူဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ဟာ... စာရေးဆရာရယ်၊ ဇာတ်လမ်းကြီးက ရှိုးလိုက်တာ၊ အဲဒါတော့ မရေးစမ်းပါနဲ့''

''အဲဒါရေးမလို့ မဟုတ်ဘူးဗျ၊ အခု ကောင်မလေး ဒုက္ခရောက်နေပြီ''

''ဘယ်လိုဒုက္ခရောက်နေတာလဲ''

ပြောရင်းဆိုရင်း ဝရန်တာကိုထွက်လာသည့် ကောင်မလေးကို တွေ့လိုက်ရသည်။

ထို့နောက် တိုက်အောက်ဘက်ကို ဟိုဟိုဒီဒီကြည့်ပြီး အိမ်ထဲသို့ ပြန်ဝင်သွား၏။

(၄)

''ကောင်မလေးက ချောချောလှလှလေးပဲဗျ၊ အဟီး''

ထုတ်ဝေသူ သဘောကျသွားပုံရသည်။

ထိုတိုက်ခန်းဘက်ကိုပဲ ခဏခဏကြည့်နေပြန်၏။

''အင်း... အဲဒါပြောပါဦး၊ ကောင်မလေးက ဘာဒုက္ခရောက်နေတာလဲ''

သူကပဲ စကားဆက်နိုင်းသည်။ စာရေးဆရာက လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး...





''ထုံးစံအတိုင်း သူ့ကို အိမ်ကလူတွေက တခြားတစ်ယောက်နဲ့ ပေးစားတော့မယ်''

''ပေးစားတဲ့လူက ချောလားဗျ''

''ဘယ်ကသာ ချောရမှာလဲ၊ ဆိုးလိုက်တာမှ လွန်လွန်းရော''

''ဟာဗျာ... ကောင်မလေး သနားစရာ''

ထုတ်ဝေသူ စိတ်မကောင်းဖြစ်သွားပုံရသည်။ မျက်နှာကချွေးများကိုလည်း အဝတ်ဖြင့် သုတ်နေသေး၏။

''အခု သူ အိမ်ထဲကနေ အိမ်ပြင်မထွက်ရတော့ဘူး၊ သူ့အမေကြီးက တင်းတင်းကျပ်ကျပ် စောင့်ကြည့်နေတယ်''

''အဲဒါကြီးက ခေတ်မရှိတော့ပါဘူး၊ အဲဒီအိမ်မှာက သူတို့သားအမိနှစ်ယောက်တည်းလား''

''သူ့အဖေက ရုံးသွားနေတယ်လေ၊ အခုတော့ အိမ်မှာ သူ့အမေနဲ့ ကောင်မလေးနဲ့ နှစ်ယောက်တည်းပဲရှိတယ်''

ထုတ်ဝေသူက ခေါင်းတဆတ်ဆတ်ညိတ်သည်။

ထို့နောက် တစ်စုံတစ်ခု သတိရသွားပြီး...

''အင်း... ကောင်မလေးအကြောင်းတော့ သိရပါပြီ၊ ဘာလုပ်ရမှာလဲ''

''အဲဒီကောင်မလေးနဲ့ သူ့ချစ်သူကို ခိုးပြေးလို့ရအောင် ကျွန်တော်တို့ ဒီနားကထိုင်ပြီး ကူညီရအောင်''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို . . . ဒီဝရန်တာမှာထိုင်ပြီး သူတို့နှစ်ဦး နိုးပြေးလို့ရအောင် ကူညီပေးလို့ရတယ်၊ ဟုတ်လား"

ထုတ်ဝေသူ မျက်လုံးပြူးသွားသည်။

(၅)

စာရေးဆရာက ထုတ်ဝေသူကို ဖုန်းနံပါတ်တစ်ခုနှင့်အတူ အကြောင်းအရာလေးအချို့ကို တိုးတိုးလေးကပ်ပြော၏။

ထုတ်ဝေသူကလည်း ခေါင်းတဆတ်ဆတ်ညိတ်ရင်း နား ထောင်နေလေသည်။ ထို့နောက် ထုတ်ဝေသူက ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။

(၆)

"ကလင် ကလင်"

ဖုန်းမြည်သံ ကြားနေရသည်။

အဒေါ်ကြီးတစ်ယောက်က သွားကိုင်သည်။

"ဟယ်လို"

"မခင်သစ်လား"

"ဟုတ်ပါတယ်၊ ဘယ်သူပါလဲ"

"ငါ . . . ငါ အောင်မောင်းလေ"

"ဟင် . . . ကို . . . ကိုအောင်မောင်းလား"





အဒေါ်ကြီးသည် အိမ်ထဲသို့ တစ်ချက်ကြည့်ပြီး "ကိုအောင် မောင်းလား"ဆိုသည့် အသံကို ချက်ချင်းတိုးချလိုက်သည်။

"ရှင် ကျွန်မနံပါတ်ကို ဘယ်လို . . ."

"ဒါတွေ မေးမနေနဲ့ မခင်သစ်၊ ငါ နင့်ကို သတိရလို့ပါ"

"အို . . ."

အဒေါ်ကြီးမှာ ရှက်သွားသည်။

မျက်နှာမထားတတ်အောင်လည်း ဖြစ်သွားသည်။

"ဒါနဲ့ ရှင့်အသံ ပြောင်းနေတယ်နော်"

"ဒါကတော့ မခင်သစ်ရယ်၊ တို့တွေ မတွေ့တာပဲ ဘယ်လောက်ကြာပြီလဲ၊ နင့်ကိုချစ်ခဲ့တဲ့ အချစ်ကလွဲပြီး တချို့ဟာ တွေတော့ ပြောင်းလဲကုန်မှာပေါ့"

"အဟင်း . . . ဟုတ်တယ်နော်"

ထိုအချိန်တွင် ခပ်လှမ်းလှမ်းရှိ အိတ်ထဲမှ ဟန်းဖုန်းမြည်သံ ကို ကြားလိုက်ရသည်။ ဖုန်းနဲ့အနီးဆုံးတွင် ထိုင်နေသော သူ့သမီးကို တစ်ချက်ကြည့်လိုက်သည်။

"သမီး အမေ့ဖုန်း ကိုင်လိုက်ပါဦး၊ ဒီမှာ စကားစမပြတ် လို့"

ဟု သူ့သမီးကို လှမ်းပြောလိုက်လေသည်။

(၇)



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

ဖုန်းလိုင်းမမိချေ။

ထို့ကြောင့် ကောင်မလေးသည် ဝရန်တာဘက် ထွက်လိုက်သည်။

"ဟယ်လို"

"ညီမလေး၊ အစ်ကို အရှေ့တိုက်ခန်းက စာရေးဆရာပါ"

"ရှင်"

(၈)

"ဘယ်သူလဲ သမီး"

အခန်းထဲသို့ ပြန်ဝင်လာသော သူ့သမီးအား ဒေါ်ခင်သစ်က လှမ်းမေးသည်။

"ဘယ်သူ့ဆီကမှ မဟုတ်ဘူး၊ ဖုန်းမှားတာပါ"

ဒေါ်ခင်သစ် ခေါင်းညိတ်ပြီး ဖုန်းဆက်ပြောနေလေသည်။

ကောင်မလေးက ဖုန်းကို သူ့အမေအိတ်ထဲ ပြန်ထည့်ထားလိုက်သည်။

ထို့နောက် သူမသည် တီဗွီရှေ့သို့လျှောက်သွားပြီး တီဗွီခလုတ်ကို ဖွင့်လိုက်၏။

5 movies လိုင်းမှ ဇာတ်ကားတစ်ကား လာနေသည်။ သူ့အမေကို တစ်ချက်ကြည့်လိုက်၏။ ဖုန်းပြောနေဆဲ ဖြစ်သည်။





တီဗွီဖွင့်ပြီးနောက်တွင် သူမသည် အိမ်ခန်းထဲသို့ဝင်ကာ အိပ်ချင် ယောင်ဆောင်နေလိုက်သည်။

တီဗွီကတော့ ဖွင့်ထားဆဲဖြစ်သည်။

(၉)

အပေါ်တိုက်ခန်းသို့ မော့ကြည့်နေသော ကောင်လေးတစ်ယောက်၏ ဟန်းဖုန်းမြည်သံ ထွက်ပေါ်လာသည်။

ဖုန်းနံပါတ်ကို တစ်ချက်ကြည့်လိုက်၏။ သူ မသိသော ဖုန်းဖြစ်သည်။

"ဟယ်လို"

"ညီလေး အစ်ကိုက စာရေးဆရာတစ်ယောက်ပါ"

(၁၀)

ဒေါ်ခင်သစ်သည် လက်ထဲက ကိုင်ထားသောဖုန်းကို ပြည်းညင်းစွာ ချလိုက်သည်။

ရင်ထဲမှာလည်း ကြည်နူးသလိုဖြစ်နေသည်။

သူ့သမီးများ သူ့ကို ကြည့်နေမလားဆိုပြီး ရှက်ကိုးရှက်ကန်းဖြင့် တစ်ချက်ကြည့်ရသေး၏။

ထိုင်ခုံပေါ်တွင် သူ့သမီးကို မတွေ့ရတော့ချေ။

တီဗွီဖွင့်ထားတာကိုပဲ တွေ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

“ဖျတ်”

သူကြည့်နေဆဲမှာပဲ တီဗွီသည် လိုင်းပြောင်းသွား၏။

“ဟင်”

ဒေါ်ခင်သစ် လန့်သွားသည်။ ဧည့်ခန်းထဲမှာလည်း သူတစ်ယောက်တည်းပဲ ရှိနေသည်။

တီဗွီလိုင်းက သူ့အလိုလိုပြောင်းသွားခြင်း ဖြစ်သည်။

“ဖျတ်”

ဟင် . . . ပြောင်းသွားပြန်ပြီ။

“ဖျတ်”

“ဖျတ်”

“ဖျတ်”

လိုင်းများသည် တစ်ခုပြီးတစ်ခု ခပ်မြန်မြန်ပြောင်းနေ၏။ နဂိုကတည်းကမှ ကြောက်တတ်သော ဒေါ်ခင်သစ်သည် တီဗွီကို စိုက်ကြည့်နေရင်းနဲ့ လန့်လာလေသည်။

“သမီးရေ့ သမီး”

အသံကုန်ဟစ်ပြီး အော်လိုက်သည်။

သူ့သမီး ပြေးထွက်လာသည်။

“ဘာဖြစ်လို့လဲ အမေ”

အသံက တုန်နေသည်။

“အမလေး . . . အဲဒါ ဘာဖြစ်တာလဲ အမေ”





ကောင်မလေးသည် သူ့အမေနားသို့ ပြေးကပ်လေ၏။ တီဗွီလိုင်းများကတော့ ပြောင်းနေဆဲဖြစ်သည်။ တီဗွီနားကိုတော့ မကပ်ရဲကြတော့ချေ။ အိမ်မှာ သားအမိနှစ်ယောက်ပဲ ရှိနေခြင်းကြောင့် ပိုလန့်နေခြင်းလည်း ဖြစ်သည်။

“သမီးအဖေဆီ ဖုန်းဆက်ဦး”

တယ်လီဖုန်းဆီ ပြေးသွားသည်။ ဖုန်းခလုတ်အချို့ နှိပ်လိုက်သည်။

“လိုင်းမဝင်ဘူး၊ ဖုန်းလိုင်းပြတ်သွားပြီ”

“ဟင် . . . သေချာနေပါပြီ၊ ငါ့အိမ်တော့ တစ်ခုခုဖြစ်နေပြီ”

“သ . . . သမီးကြောက်တယ် အမေ”

သားအမိနှစ်ယောက် ပူးပူးကပ်ကပ်ရှိနေကြသည်။

ထိုအချိန်တွင် တီဗွီသည် သူ့အလိုလို ပိတ်သွားပြန်၏။ ပြီးနောက် သူ့အလိုလို ပြန်ပွင့်လာသည်။

ဤသို့ ခဏခဏဖြစ်နေပြန်၏။

“သမီး”

“ရှင်”

“ပု . . . ပုဏ္ဏားကတိုက်တာ ထင်တယ်”

“ဟင် . . . ဟုတ်လား”

ထိုအချိန်တွင် တံခါးခေါက်သံ ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဒေါက် . . . ဒေါက်"

နှစ်ယောက်စလုံး လန့်သွားကြပြီး "အမလေး . . ."ဟု ထအော်မိကြသည်။

တံခါးခေါက်သံကတော့ တဒေါက်ဒေါက်နှင့် မြည်နေသည်။ နောက်ဆုံး ဒေါ်ခင်သစ်က စိတ်ကိုတင်းထားလိုက်ပြီး တံခါးဖွင့်လိုက်သည်။

လူငယ်တစ်ယောက်ကို တွေ့လိုက်ရ၍ စိတ်သက်သာရာ ရသွားသည်။

"ခွမ်း"

ပန်းကန်ကွဲသံကြားလိုက်ရသည်။

"အမေရေ . . . လုပ်ပါဦး"

အနောက်တွင် ကျန်ခဲ့သော သူ့သမီးက သူ့ဆီသို့ ကြောက်လန့်တကြား ပြေးလာသည်။

ဤတွင် ဒေါ်ခင်သစ်သည် ကြံရာမရဖြစ်ကာ တံခါးခေါက်သော ကောင်လေးအား . . .

"သားရေ . . . လုပ်ပါဦး၊ အန်တီတို့အိမ်မှာ ဘာဖြစ်နေလဲမသိဘူး"ဟု အားကိုးတကြီး ပြောလေသည်။

"ကျွန်တော်က မီတာစာရွက် လာ . . ."

ကောင်လေးက စကားပင် ဆုံးအောင်မပြောလိုက်ရချေ။





ဒေါ်ခင်သစ်က တံခါးဖွင့်ပြီး အထဲသို့ဆွဲသွင်းလိုက်၏။

"ဟင်"

ဖြစ်ပျက်နေသည်များကို ကြည့်ပြီး ကောင်လေးလည်း လန့်သွားပုံပေါ်သည်။

"ပုဏ္ဏားကတိုက်တာလား မသိဘူး"

ဟု တိုးတိုးလေး ရေရွတ်လိုက်သည်။

ထိုအသံကို ဒေါ်ခင်သစ်က ကြားသွားပြီး သူထင်တာ မှန်နေပါပြီဟု တွေးကာ . . .

"အမလေး . . . ကျွန်မအိမ်မှာ ပုဏ္ဏားကတိုက်နေပါပြီ၊ ပုဏ္ဏားကတိုက်နေပါပြီ"

ဟု အသံကုန်အော်ဟစ်လေတော့သည်။

(၁၁)

နီးစပ်ရာပတ်ဝန်းကျင်မှ လူများက ဒေါ်ခင်သစ်အိမ်သို့ ရောက်လာကြသည်။

"မခင်သစ် ဘာဖြစ်တာလဲ"

"ကျွန်မအိမ် ပုဏ္ဏားကတိုက်နေလို့ ကြည့်ပါဦး"

"ဟင်"

ဤသို့ဖြင့် ဒေါ်ခင်သစ်အိမ်တွင် တစ်စတစ်စ လူများလာသည်။


www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပေါက် ပြောဆိုမှုများနှင့်လည်း တစ်အိမ်လုံး ဆူညံနေလေတော့သည်။

ဒေါ်ခင်သစ်ကလည်း သူကြုံရသည်များကို အခြားလူများအား ပြောပြနေရသည်။

(၁၂)

ကြည့်ရှုနေသော လူများထဲမှ လူကြီးတစ်ယောက်က တီဗွီပလပ်ပေါက်ကို ဆွဲဖြုတ်လိုက်လေသည်။

အားလုံးလန့်ပြီး ငြိမ်သွားကြသည်၊ ဘာများဆက်ဖြစ်မလဲဆိုကာ ငြိမ်ပြီးကြည့်နေကြခြင်းဖြစ်သည်။

တီဗွီတွင် နောက်ထပ် ထူးခြားချက်များ ပေါ်မလာတော့ချေ။

"ဟင်... ပုဏ္ဏက မရှိတော့ဘူးလား"

ဒေါ်ခင်သစ်နှင့်အတူ အားလုံးက တီဗွီကိုသာ ထူးဆန်းသည့်ပုံစံဖြင့် ဝိုင်းကြည့်နေကြသည်။

(၁၃)

စာရေးဆရာသည် သူ၏လက်ထဲတွင်ရှိနေသော Sony တီဗွီအမျိုးအစားရီမုတ်နှင့် 5 movies ရီမုတ်တို့ကို စားပွဲပေါ်ပြန်ချလိုက်သည်။





ထို့နောက် စာရေးဆရာနှင့် ထုတ်ဝေသူတို့သည် ကားတစ်စီးပေါ်သို့ တက်သွားသော ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်ကို လက်ပြလိုက်ကြသည်။

သူတို့ကလည်း လက်ပြန်ပြသည်။

"ကြည်နူးစရာပဲဗျ"

ထုတ်ဝေသူက ပြုံးပြုံးလေးနှင့် ပြောသည်။

(၁၄)

"နေပါဦး၊ စာရေးဆရာက ဒါတွေ ဘယ်လိုလုပ်သိတာလဲဗျ"

"ကျွန်တော့်အိမ်ကို ဒီရပ်ကွက်ထဲက ကောင်လေးတွေ လာလည်ကြတယ်ဗျ။ ဒီတော့ သတင်းတွေ အကုန်ကြားရတာပေါ့"

"သြော်... ဒါကြောင့် အကုန်သိတာပေါ့"

"ဟုတ်တယ်၊ ဒါနဲ့ ကျွန်တော်လည်း အဲဒီကောင်လေးတွေထဲက တစ်ယောက်ကို သတင်းအသေးစိတ်စုံစမ်းခိုင်းလိုက်တယ်"

"အင်း"

"ပြီးတော့ ဒီလိုကူညီပေးလိုက်တာပေါ့ဗျာ"

"အေးဗျာ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တောင် ရင်တုန်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဘာလဲ၊ ဖုန်းပြောတဲ့ ဒေါ်ခင်သစ်ကိုလား''

''ဟာဗျာ၊ မဟုတ်ရပါဘူး''

ထို့နောက် တစ်ယောက်နှင့်တစ်ယောက် ကြည့်ပြီး ရယ်မောလိုက်ကြလေသည်။

□



# ဖုန်းတစ်လုံး၏ခံစားချက်

www.burmeseclassic.com

www.burmeseclassic.com

(၁)

အနိုပ်ခံရပြန်ပြီ၊ ဒီတစ်ခေါက်အပါအဝင် တစ်နေ့လုံး အနှိပ်ခံနေရတာ ဘယ်နှကြိမ်မှန်း မမှတ်မိတော့။

"တီ. . . တီ. . . တီ. . ."

"ဟယ်လို"

အာပုပ်စော်နံလိုက်တာ။ သွားမတိုက်ဘူးထင်တယ်၊ ဖုန်းတော်တော်ပြောနိုင်းတဲ့လူကြီး။ ခဏနေတော့မှ ဖုန်းပြောတာ ပြီးသွားတယ်။

အခုမှပဲ အနားရပြီး ခါးပေါ်က ဖုန်းအိတ်လေးထဲ ပြန်ဝင်ပြီး နှပ်နေမှပဲ။ သိပ်မကြာပါဘူး။ ဖုန်းက ထမြည်လာတယ်။

အာ. . . စိတ်ပျက်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



(၂)

ကျွန်တော့်ပိုင်ရှင်က လမ်းမှာ သူ့အသိတစ်ယောက်နဲ့တွေ့တော့ ကျွန်တော့်ကို အိတ်ထဲကနေ ထုတ်လိုက်တာ။

သူ့အသိကလည်း သူ့ခါးအိတ်ထဲက ကျွန်တော့်လိုပဲ ငနော တစ်ကောင် ဆွဲထုတ်တာ မြင်လိုက်ရတယ်။

အံမယ်. . .   သူက သားသားနားနားဖုန်းပဲ။

ကိုယ့်ကိုယ်ကိုယ် အိတ်ထဲကထွက်ရမှာကို ရှက်နေမိတယ်။

ဒီကောင့်ပုံစံက သိပ်မိုက်နေတယ်။ ဘယ်နိုင်ငံကလဲ မသိဘူး။ အမေမွေးကတည်းက ဖြစ်ပေါ်နေသော ဒီရုပ်သွင်ကို နည်းနည်းတော့ စိတ်ပျက်မိတယ်။

ဒါပေမဲ့ တရုတ်ပြည်မှာကတည်းက အမေပြောလိုက်တဲ့ စကားအချို့ကို သွားသတိရမိတယ်။ သားလည်း တစ်နေ့တော့ သူတို့လိုဖြစ်လာရမည်တဲ့။ ဟုတ်တယ်၊ တစ်နေ့တော့ ကျွန်တော်လည်း သူတို့လိုရုပ်သွင်နဲ့ ပိုင်ရှင်ခပ်မိုက်မိုက်လေးတွေက လက်ညှိုးလေးတို့ပြီး သဘောကျနေတဲ့အရသာကို ခံစားရမည်။

ထိုအခါ ကောင်မလေးအလန်းလေးတွေ၏ အထိအတွေ့၊ အယုအယကိုလည်း ခံရမည်။ အခုတော့ အန်းတစ်(စ်)အဘိုးကြီးတွေ၊ ကပ်စေးနဲကြီးတွေရဲ့ လက်ထဲမှာပဲ ခဏနေရဦးမည်။

သူတို့ရဲ့ လက်ကြမ်းကြမ်းကြီးတွေနဲ့ ကျွန်တော့်ရဲ့ ခလုတ်ကြမ်းကြမ်းကြီးတွေကို နှိပ်နေတာကိုက အတော်ကြီးစိတ်ပျက်နေပြီ၊





(၃)

လိုင်းမမိလို့ ပိုင်ရှင်က ကျွန်တော့်ကို အပေါ်မြှောက်ထားတယ်၊ ချမ်းလိုက်တာ။ လိုင်းတစ်တုံး၊ နှစ်တုံးကို လှမ်းတွေ့လိုက်ရတယ်။ ရှိသမျှအားကို အကုန်ထုတ်ပြီး လှမ်းဆွဲလိုက်တယ်။ မပါလာ။ ဘယ်ပျောက်သွားပါလိမ့်။

ဩော်. . . နောက်တစ်ကောင် လှမ်းဆွဲသွားတာကိုး။ တောက်. . . ငါဆွဲမလို့လုပ်နေတဲ့ လိုင်းတစ်တုံး၊ နှစ်တုံးကို ဘယ်ကောင်က ဝင်ဆွဲသွားတာလဲကွ။

ခပ်လှမ်းလှမ်းက ဖုန်းတစ်လုံးဆွဲသွားတာကို မြင်တွေ့လိုက်တယ်။ အဲဒီဖုန်းကို ခပ်မိုက်မိုက်လှမ်းကြည့်လိုက်တယ်။ သင်းက ဘာဖုန်းမို့လို့လဲ။

ဖုန်းကိုမြင်လိုက်တော့ ထွက်နေတဲ့ဒေါသကို ပြန်သိမ်းထားလိုက်တယ်။ နောက်ထပ်ပေါ်လာမည့် လိုင်းတစ်တုံး၊ နှစ်တုံးကိုပဲ တွေ့လိုတွေ့ငြား လိုက်ရှာနေလိုက်ရတယ်။

မျက်လုံးကတော့ လိုင်းဆွဲယူသွားသော ပန်းသီးတစ်ခြမ်းကိုက်ထားတဲ့ပုံစံ ဖုန်းကိုပဲ အားကျသလို ခိုးကြည့်နေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



(၄)

အားက ဖင်ကပ်ပဲရှိနေတာကို ပြောနေသေးတယ်။ ဗိုက်ဆာနေပြီ။

''ဟယ်လို . . . အင်း . . . နေကောင်းလား''

'' . . . . . . . . . ''

အရည်မရ အဖတ်မရတွေပဲ တစ်နေကုန်ပြောနေတယ်။ ဖင်ပူနေပြီ။ ဗိုက်ဆာနေပြီဆိုတာကို သင်းက နားမလည်ဘူး။ လိုင်းကလည်း လိုက်လိုက်ဆွဲနေရတာနဲ့ အားကုန်နေပြီ။ အရေးထဲ ဖုန်းလိုင်းမမိရင် ဖုန်းကိုပဲ ဖျစ်တောက်ဖျစ်တောက် အပြစ်တင်သေးတယ်။

ဟင်း . . . မပြောချင်ဘူး။

ဖုန်းပြောလို့ နားရမလားမှတ်တယ်။ သီချင်းဆိုနိုင်းနေသေးလို့ နည်းနည်းပါးပါးရသော သီချင်းတချို့ကို ပိုင်ရှင်အားဆိုပြနေရသေးတယ်။

''ငါ မင်းကို သတ်ချင်တယ်၊ ငါ မင်းကို သတ်ချင်တယ်''

''ဖုတ်လိုက်၊ ဖုတ်လိုက်၊ ဖုတ်လိုက်''

ခဏနေတော့ အားမရှိတော့။ မောကလည်း မောလာတယ်။

အား . . . အားပေးပါ။ မီး . . . မီးအားသွင်းတာ ဘယ် . . . ဘယ်မှာလဲ။

ရသစာအုပ်တိုက်



မ . . . မရှိဘူး။ မ . . . မပါလာဘူး။

သေ . . . သေပြီ။

အား . . . အားမရှိတော့ဘူး။

သိပ်မကြာပါဘူး။ ကျွန်တော့် အမြင်အာရုံတစ်ခုလုံး အမှောင်ဖုံးသွားလေပြီ။

(၅)

အလင်းရောင်စူးစူးကြောင့် ပြန်သတိရလာတယ်။ အသံများ ဆူညံနေသောကြောင့် ဘယ်ရောက်နေမှန်းမသိ။ သေချာတာတစ်ခုကတော့ ကျွန်တော် ဝင်နေကျအိတ်ထဲမှာလည်း မဟုတ်။ ကျွန်တော့်ပိုင်ရှင်ရဲ့ လက်ထဲမှာလည်း မဟုတ်ဆိုတာကတော့ သေချာတယ်။

ဘေးနားကို တစ်ချက်ကြည့်လိုက်တယ်။

ဟင်. . . စုတ်စုတ်ပြတ်ပြတ်ဖုန်းတွေ အများကြီးပါလား။

ဖုန်းတစ်လုံးက ကျွန်တော့်ကို ရယ်ပြပြီး တရုတ်လိုနှုတ်ဆက်တယ်။

ပြန်မနှုတ်ဆက်မိ။ ငါ. . . ငါ. . . ဘယ်ရောက်နေတာလဲ။ လမ်းလျှောက်နေတဲ့လူတွေရဲ့ ခြေထောက်တွေကိုပဲ မြင်နေရတယ်။ ခဏကြာတော့မှ သူသိလိုက်ရတယ်။ သူ. . . သူ လမ်းဘေး အီလက်ထရောနစ်ဈေးထဲက ဖုန်းအဟောင်းဆိုင်ကို ရောက်နေတာပါလား။

ရသစာအုပ်တိုက်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မဖြစ်နိုင်ဘူး။ ငါ့ပိုင်ရှင်က ငါ့ကို အားကုန်ပြီး အားသွင်းလို့ ငါ ပြန်နိုးလာတာ မဟုတ်ဘူးလား။

တွေးမိလိုက်မှ ခေါင်းက နည်းနည်းမူးသွားတယ်။ အား မပြည့်သေးဘူး ထင်တယ်။ ထိုစဉ် လူတစ်ယောက်က သူ့ကို လှမ်းကိုင်လိုက်ပြီး သူ့ဖင်ထဲသို့ တစ်စုံတစ်ခုအား ထိုးထည့်လိုက်တယ်။ ပူခနဲဖြစ်သွားပြီး တစ်မျိုးတစ်မည်လည်း ဖြစ်သွားတယ်။ နောက်မှ ငါ့ကို အားသွင်းနေတာပဲဆိုတာ သတိရသွားပြီး ငြိမ်နေလိုက်ရတယ်။ မဖြစ်ဘူး။ မဖြစ်ဘူး။ ဒီလိုအတန်းအစားတွေကြားထဲမှာ ငါနေလို့မဖြစ်ဘူး။

ဖုန်းတွေအချင်းချင်း စကားပြောသံတွေကလည်း ညံ့နေဘယ်။ တရုတ်လိုပြောတဲ့ စကားသံတွေများနေခြင်းကြောင့် တရုတ်ငနာတွေ တော်တော်များပဲဆိုတာ သိလိုက်ရတယ်။

ထိုစဉ် သူ့ရှေ့သို့ လူတစ်ယောက် လာရပ်ကြည့်တာ တွေ့ရတယ်။

အမလေး. . . ငါ့ကို ဝယ်ပါစေ။ ဝယ်ပါစေ။

“ဒီဖုန်း ဘယ်လောက်လဲကွ”

“ငါးထောင်ပဲ ပေးပါ”

ဘာ. . . ငါ့ကိုဝယ်တုန်းက တစ်သိန်းနီးပါးရှိတယ်ကွ။ တစ်သိန်းနီးပါးရှိတယ်။ အခု ငါးထောင်တဲ့။ မဟုတ်ဘူး။ ဒါ သက်သက်မဲ့ ငါ့ကို နာမည်ဖျက်တာ။





သက်သက်မဲ့ နာမည်ဖျက်တာ။

“ဘက်ထရီရော ကောင်းလား”

ကောင်းတာပေါ့ဗျာ။ ခင်ဗျား [illegible]ယ်နှနာရီသုံးချင်လဲ။

“Message ရော ပို့လို့ရလား”

ကျုပ်ပို့ဖူးတာ အခေါက်တစ်သောင်းလောက်ရှိနေပြီ။ ခင်ဗျား ဘာပြောဦးမလဲ။

“လိုင်းဆွဲအားရော ကောင်းလား”

ကောင်းတယ်။ ကောင်းတယ်။

ဆွဲရလွန်းလို့ အတွေ့အကြုံတောင် ရင့်နေပြီ။ တစ်တုံး၊ နှစ်တုံးလောက်ကတော့ အေးဆေးပဲ။

“ကျုပ်က နည်းနည်းပါးပါးပြင်ပြီး သုံးရမှာပေါ့၊ ဟုတ်လား”

ပြင်စရာမလိုပါဘူးဗျာ။ အဲ. . . နံပါတ် (၅) နဲ့ နံပါတ် (၈)ခလုတ်က သိပ်နှိပ်လို့တော့ မကောင်းဘူး။

ပြီးတော့. . .

ဘာမှဆက်မတွေးခင်မှာပဲ ထိုလူက ငွေရှင်းပြီး ကျွန်တော့်ကို ဝယ်လိုက်တယ်။ ပုံစံကြည့်ရတာ ကျွန်တော့်ကို အပြတ်ရှိုင်းပြီးသုံးမယ်ထင်တယ်။ ဒါဆို အဖုံးလေးရယ်၊ မှန်ရယ်၊ ပြီးတော့ ဟင်း. . . ငါက အနက်ရောင်ပဲဝတ်လာတာ များပြီဆိုတော့ ဒီတစ်ခါ ရွှေရောင်လေးဆိုရင် ကောင်မလေးတွေ ကြိုက်ကြမှာပဲ။ ဟုတ်ပြီ။ ဟုတ်ပြီ။ ရွှေရောင်လေး လဲနိုင်းရမယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လက်ညှိုးလေးတို့တို့ပြီးသုံးလို့ရတာလည်း လဲနိုင်ရမယ်။ ကျွန်တော့်ပိုင်ရှင်အသစ်က ဖုန်းဆိုင်ကြီးတစ်ဆိုင်ထဲ လှမ်းဝင်တာ မြင်လိုက်ရတယ်။

ဆိုင်ကြီးက ''ဟီးထ''နေတာပဲ။ ဒါမှ ငါ့ပိုင်ရှင်အသစ်ကွ။ ရှိုးကေ့စ်ထဲက ကောင်မလေး ဖုန်းလှလှလေးတွေက သူ့ကို မတူသလို မတန်သလို ကြည့်နေတယ်။

တွေ့မယ်။ ငါရှိုင်းပြီးရင် နင်တို့ကို တွေ့မယ်။ အဲဒီအခါကျမှ . . .

''ဖုန်းပြင်ပေးလားဗျ''

''ဟုတ်ကဲ့ . . . ပြင်ပေးပါတယ်၊ ဖုန်းပါလား၊ ဘာဖြစ်တာလဲ''

လူတစ်ယောက်က ကျွန်တော့်ကို ခပ်ကြမ်းကြမ်းဆွဲကိုင်တာ ခံလိုက်ရတယ်။

''ဟာ . . . ဟောင်းနေပြီပဲ၊ ဘာဖြစ်တာလဲ''

''အသံမထွက်တော့လို့''

''ဒီကစ်ခုတည်းလား''

''ဟင်း . . . အခြားအရာတွေပြင်လည်း ဘာမှထူးမှာမဟုတ်ပါဘူး၊ အခုလောလောဆယ်တော့ အသံထွက်အောင်ပဲလုပ်ပေးပါ''

သွားပြီ။





ရှိုးကေ့စ်ထဲက ကောင်မလေးတွေ ပိုင်းရယ်နေတာကို တွေ့လိုက်ရတယ်။ စတိုင်ထုတ်နေတဲ့ လေးထောင့်ဘဲတစ်ကောင်ရဲ့ မချိုမချဉ်မျက်နှာကိုလည်း တွေ့လိုက်ရတယ်။

ကိုယ့်ကိုယ်ကိုယ်လည်း မကျေမနပ်ဖြစ်နေမိတယ်။ ဖုန်းဖြစ်ပြီး အသံမထွက်တဲ့ကောင်။ ဖုန်းလုပ်နေပြီး အသံမထွက်တဲ့ကောင်။

လေးစားစွာဖြင့်.....

လူနေ